မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၃ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၅ ရက်၊ စနေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပုသိမ်၊ ငပုတော၊ ငွေဆောင်၊ ချောင်းသာ၊ ဂွ၊ ရေတွင်ကောင်းနှင့် ဟိုင်းကြီးကျွန်းမြို့နယ်များမှ ဒေသခံပြည်သူများ ရာသီမရွေးဆက်သွယ်မှုရရှိပြီး ဒေသထွက်ကုန်များ အချိန်တို နေ့ချင်းပေါက် ဈေးကွက်သို့ တင်ပို့နိုင်မည်

ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ် ဖောက်လုပ်ဖွင့်လှစ်

နေပြည်တော် မေ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်ခဲ့သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပုသိမ်-သလပ်ခွာ- မော်တင်စွန်းလမ်း မိုင်တိုင်အမှတ်(၁၂/၁) စိန်တောင်လမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊

စာမျက်နှာ ၈ ကော်လံ ၁ ❍

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

ကတ္တရာလမ်းသစ်ဖွင့်

ပုသိမ် - သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော် (၂၀၁၀ခုနှစ် မေ ၁၅ ရက်)

ပေါင်းစည်းလယ်ယာ စိုက်ပျိုးမွေးမြူရေးစနစ် ပိုမိုတိုးမြှင့်ဖော်ဆောင်

မြန်မာနိုင်ငံသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိရာ၌ ခေတ်မီလယ်ယာစနစ်သို့ ဦးတည်ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏ ပင်မစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးနှင့် ယှဉ်တွဲချိတ်ဆက်၍ အခြေပြုနေသည်။

စိုက်ပျိုးထွက်ကုန်များ ပိုမိုထွက်ရှိရေးအတွက် ရေမြေ၊ သယံဇာတ စွမ်းအားများကို အပြည့်အဝဖော်ထုတ်၍ သီးနှံစွမ်းအား တိုးမြှင့်ရန် ခေတ်မီနည်းပညာများကို အသုံးပြုကာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

ယခုအခါ လယ်ယာကဏ္ဍတွင် ပေါင်းစည်းလယ်ယာစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ၌ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာလုပ်ငန်းသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒေသခံတောင်သူများအတွက် အကျိုးစီးပွား ဖြစ်ထွန်းလျက်ရှိသည်။

ပေါင်းစည်းလယ်ယာလုပ်ကိုင်ရခြင်း၏ ရည်ရွယ်ချက်သည် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရန်ဖြစ်သည်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းခွင်သည် ညောင်ဦး-မြင်းခြံ ကားလမ်းပေါ် ညောင်ဦးမှ ရှစ်မိုင်ခွဲအကွာတွင်ရှိသည့် သူကောင်းတည်ကျေးရွာအုပ်စုတွင် ၂၀၀၉ ခုနှစ် မတ်လမှစတင် လုပ်ကိုင်လျက်ရှိသည်။ သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြို့နယ်သမဝါယမဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အခြေခံသမဝါယမအသင်းစုက ဆောင်ရွက်နေခြင်းဖြစ်သည်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်တွင် နှမ်းစပါးများကို စိုက်ပျိုးထားပြီး ငါးမွေးမြူရေးကန်များပေါ်တွင် ဘဲမွေးမြူရေးခြံနှင့် ဝက်မွေးမြူရေးခြံတို့ကို တည်ဆောက်ထားသည်။ ထို့ပြင် သီးခြားအဆောက်အအုံတွင် နွား၊ ဆိတ်တို့ကိုလည်း မွေးမြူထားသည်။ စပါးစိုက်ပျိုးရေး၊ ရာသီသီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးတို့အပြင် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်းဖြင့် ကျေးလက်ပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်လျက်ရှိသည်။

ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးစနစ်၏ကျေးဇူးကြောင့် ဒေသခံတောင်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိရာ နိုင်ငံ၏ဒေသအသီးသီးတွင် လယ်ယာလုပ်ငန်း ဆောင်ရွက်လျက်ရှိသော တောင်သူများ ပေါင်းစည်းလယ်ယာ စိုက်ပျိုးမွေးမြူရေးတို့ကို ဆောင်ရွက်သွားကြမည်ဆိုပါက မိသားစုလူမှုစီးပွားဘဝတိုးတက်ပြီး လူနေမှုအဆင့် တိုးတက်မည်ဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၅-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ ကာတွန်းအစီအစဉ် **အမြှာစုံထောက်** (အပိုင်း-၃)
၁၂း၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **ဘိသိက်ပြိုင်** မိုးဒီနှင့်အနုပညာရှင်များ (ဒါရိုက်တာ-ဉာဏတင်စိုး)
၁၃း၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄း၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်**(အပိုင်း-၃၄)

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၅။ မြန်မာသံစဉ် ချိုနှားဝင်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ လျှပ်တစ်ပြက်
၆း၃၀ ၁၃။ **စားဖို့ဆောင်ချစ်သူ**
၆း၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၂၇)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စတား
၂၁။ အင်္ဂလိပ်စာသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၆)
၂၄။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၆)

အဆို၊ အက၊ အတီးသင်တန်း လားရှိုး၌ဖွင့်

လားရှိုး မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် မြန်မာ့ရိုးရာ အဆို၊ အက၊ အတီး ပညာရပ်များ သင်ကြားမှု တတိယအကြိမ်မြောက် သင်တန်းဖွင့်ပွဲကို ဧပြီ ၃၀ရက် နံနက် ၉နာရီက လားရှိုးမြို့ အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃) အင်္ဂကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတိုးဝင်း(**အပေါ်ပုံ**)၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးလှိုင်နှင့် အနုပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ထွေးတို့က အမှာစကားပြောကြားကြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ ပညာရေးဌာနမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်များမှ ဝါသနာရှင်များ စုစုပေါင်း၂၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

SANTINI International Training Academy က သင်တန်းများဖွင့်

ရန်ကုန် မေ ၁၄

SANTINI International Training Academy က ဟိုတယ်လုပ်ငန်း အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ၊ ကွန်ပျူတာနည်းပညာသင်တန်းများ၊ ကုန်သွယ်လေကြောင်းဆိုင်ရာ သင်တန်းများနှင့် ကုန်ပစ္စည်းများ ဖြန့်ချိရောင်းချရေးဆိုင်ရာလုပ်ငန်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဖွင့်လှစ်သွားမည်

အဆိုပါသင်တန်းများအနက် ကာလတိုတစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendent, Restaurant Server, Barista Skills, Commercial Aviation, Bar Tender & Art of Mixology and Banquet Set up and Catered Events များကို လည်းကောင်း၊ IT သင်တန်းများနှင့် ကာလရှည် သုံးလသင်တန်းများဖြစ်သော Managing Front Office Operation ကိုလည်းကောင်း ဇွန် ၁ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်ကြား

သင်ရိုးများမှာ စာတွေ့နှင့် လက်တွေ့ အချိုးညီသင်ကြားပေးပြီး အဖွဲ့လိုက်လှုပ်ရှားမှုများ၊ Power Point Presentation များ၊ Video Presentation များအပြင် မူရင်း ပြဋ္ဌာန်းစာအုပ်များဖြင့် သင်ကြားပေးမည်ဖြစ်သည်။

ထည့်သွင်း

အောင်လက်မှတ်များမှာ သုံးမျိုးသုံးစားရှိပြီး American Hotel & Lodging Association Certificate (USA), City & Guilds Certificate (UK) နှင့် SANTINI Certificate တို့ဖြစ်သည်။ ထို့အပြင် သင်တန်းသားများ၏ အထူးခံစားခွင့်အနေဖြင့် အခမဲ့ ဟိုတယ်သုံးအင်္ဂလိပ်စကားပြောသင်တန်း၊ IT Course နှင့် အင်တာနက်အသုံးပြုခွင့်များလည်း ရရှိနိုင်ကြောင်း၊ American Hotel & Lodging Association Certificate TRAC Course တက်ရောက်သင်ယူသူများအား အင်္ဂလိပ်စာသင်တန်း၊ Basis Office Application Course နှင့် အင်တာနက် အသုံးပြုခွင့်များ Package အဖြစ် ထည့်သွင်းပေးထားကြောင်း သိရသည်။

မေးမြန်းနိုင်

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အမှတ်(၁၇၀/၁၇၆) နယူးရေဟိုတယ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် E-mail: info@santinitraining.com, admin@santinitraining.com. website:www.santinitraining.com ဖုန်း-၃၈၃၇၃၉၊ ၃၈၃၃၇၄၀၊ ၂၅၆၉၃၈၊ လိုင်းခွဲ-၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)
၁၆-၅-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(မောရသုတ်+ဝဋ္ဋသုတ်)** ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင်ကဗျာ့အမြင် (အမေ့အိမ်)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (အသီးဖျော်ရည် နေ့စဉ်သောက်သုံးခြင်း)
၁၀း၄၀ တေးစီးရီး (ရင်ခုန်သံမှတ်တမ်းများ-ကဗျာဘွဲ့မှူး)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင် တေးသံစဉ် (၉၃)
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက် တေးကဗျာ-ရေကောင်းရေသန့်ကဗျာ)
၁၂း၁၀ ဘဝတစ်ကွေ့ အတွေ့အကြုံ (မတွန့်မဆုတ်အလုပ်လုပ်) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
၁။ သုတပဒေသာစာစုများ (အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမ)
၂။ အမတရှာပုံတော် (တင်မောင်မြင့်)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သီလိုသမျှမေး ကျန်းမာရေး (၃)
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ ဂန္ထဝင်ရင်ခုန်သံ (၄)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀ သုတစုံကြွယ် သိစေဖွယ် **စိတ်ချမ်းသာ ပျော်ရွှင်အောင်နေထိုင် နည်း**
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (ဆူဇီ) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ရွှေထိုက်) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (တိုးချဲ့စိုက်ပျိုး နာနတ်မျိုး)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (ကြူကြူဝင်း)
၂၁း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

First National Expo 2010 တွင် Suntac Technologies ပါဝင်ပြသမည်

နေပြည်တော် မေ ၁၄

နေပြည်တော်ဇေယျာသီရိ Hyper Mart ၌ မေ ၁၅ရက်မှ ၁၉ရက်အထိကျင်းပမည့် First National Expo 2010 တွင် Suntac Technologies သည် Booth No. 44, 45 တို့၌ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အခမဲ့ဝန်ဆောင်မှု

Suntac Technologies သည် ဂျပန်နိုင်ငံထုတ် Nikon Brand မြေတိုင်းတာရေးလုပ်ငန်းသုံး Auto Level များ၊ ၂၀၁၀ ခုနှစ်ထုတ် Nikon Nivo Series Total Station များ၊ Digital Theodolite များ၊ နောက်ဆုံးပေါ် Trimble RTK GPS များ၊ Magellan Brand Handheld GPS များ၊ ကွန်ကရစ်မြေကြီးနှင့် ကတ္တရာ စမ်းသပ်ရာတွင်အသုံးပြုသော Matest Brand Lab Testing Equipment များ၊ Rockmore Inc, USA Brand Production Drilling Accessories များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး Germany Brand BASF Construction Chemicals များ စသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို တာဝန်ယူဖြန့်ချိရောင်းချပေးရုံသာမက After Sales Services နှင့် Application Training တို့ကိုလည်း အခမဲ့ဝန်ဆောင်မှု ပေးလျက်ရှိသည်။

ထို့ပြင် Geoengineering Services များဖြစ်သော မြေခံနိုင်ရေအားစမ်းသပ်ခြင်း၊ မြေအောက် ကျောက်သားများလွန်တူး၍ သတ္တုပါဝင်မှုများ ရှာဖွေပေးခြင်း၊ ရွှေနှင့် တန်ဖိုးကြီး ဓာတ်သတ္တုသိုက်များကို နောက်ဆုံးပေါ် စက်ပစ္စည်းနည်းပညာများဖြင့် စမ်းသပ်ရှာဖွေပေးခြင်းနှင့် Geomatic Services များဖြစ်သော မြေမျက်နှာသွင်ပြင်မြေပုံ (Topographic Map)များ ရေးဆွဲပေးခြင်း၊ ပထဝီသတင်းအချက်အလက် (GIS) စနစ် တည်ဆောက်၊ အသုံးပြု၊ သင်ကြား၊ အသုံးချခြင်း စသည့် လုပ်ငန်းများလည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဆက်သွယ်မေးမြန်း

အသေးစိတ်စုံစမ်းလိုပါက ရန်ကုန်မြို့ရှိ Suntac Technologies Co., Ltd. ရုံးချုပ် အဆောင်(၅)၊ အခန်း(၅)၊ Myanmar Info Tech. လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၀၁-၆၅၂၂၄၅၊ ၆၅၂၂၄၆၊ ၆၅၂၃၁၀၊ ၆၅၂၃၁၂၊ ၇၂၄၄၁၇၊ ၇၂၄၈၁၇၊ ၀၉-၅၁၀၆၇၇၁၊ ၀၉-၅၁၀၆၇၇၃ နှင့် အမှတ် (၁၇၇) သီရိရတနာအဆင့်မြင့်ဈေး နေပြည်တော် ဖုန်း-၀၆၇-၄၂၀၈၉၁၊ ၄၂၁၃၆၁ တို့သို့ အချိန်မရွေး ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ ***(သတင်းစဉ်)***

မီးအန္တရာယ်ကြောက်မက်ဖွယ်
ကာကွယ်မနှေး ဒို့အရေး

✻ ကျောဖုံးမှ

တောင်သာ

အလားတူ တောင်သာမြို့နယ် မိုးနှောင်းခင်းကျေးရွာနှင့် နန်းမြင့် (နွားပြင်း) ကျေးရွာများ၌ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒေသအာဏာပိုင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့ပူးပေါင်းလျက် စည်ပင်သာယာအဖွဲ့ပိုင် ဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

မုံရွာ

ထို့အတူ စစ်ကိုင်းတိုင်း မုံရွာမြို့နယ် နိဗ္ဗာန်ဝကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်များက စည်ပင်သာယာရေးအဖွဲ့ပိုင် သောက်သုံးရေသယ်ယာဉ် တစ်စီး၊ မီးသတ်ယာဉ် တစ်စီး စုစုပေါင်း နှစ်စီးဖြင့် နေ့စဉ် သောက်သုံးရေဂါလန် ၂၀၀၀ကို မေ ၁၃ရက်မှစ၍ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်း

အလားတူ တနင်္သာရီတိုင်းအတွင်းရှိ ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက်၊ အမှတ် (၂)ရပ်ကွက်၊ ကျွန်းစုမြို့နယ်မှ အမှတ်(၁)ရပ်ကွက်၊ လောင်းလုံမြို့နယ်မှ ဝေဒီကျေးရွာ၊ ရေဖြူမြို့နယ်မှ ကျောက်ထောင့်ကျေးရွာနှင့် သရက်ချောင်းမြို့နယ်မှ ညောင်ပင်ကျေးရွာများ၌ သောက်သုံးရေ ဖူလုံစေရေးအတွက် တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အဖွဲ့ပိုင်ရေသယ်ယာဉ်များ၊ မီးသတ်ယာဉ်များ၊ ပုဂ္ဂလိက ရေသယ်ယာဉ်များဖြင့် နေ့စဉ်သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် လှိုင်တိုးချဲ့ရပ်ကွက်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးဆောင်ရွက်ပေးနေသည့် ရေပေးဝေစခန်းမှ လည်းကောင်း၊ သာယာအေးတိုးချဲ့ရပ်ကွက်အတွင်းရှိ ရေပေးဝေစခန်းမှလည်းကောင်း ရပ်ကွက်နေ ပြည်သူများသို့ သောက်သုံးရေ ဖြန့်ဝေပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဖွဲ့ပိုင်ရေသယ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် နေ့စဉ် သောက်သုံးရေ ဂါလန် ၁၀၀၀၀ပေးဝေနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

မော်လမြိုင်

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေနတ်တောင်ရေလှောင်တမံ၊ ကင်မွန်းခြံ ရေလှောင်တမံ၊ အတ္တရံ(၁)နှင့် အတ္တရံ(၂) မြစ်ရေတင်စက်ရုံတို့မှ နေ့စဉ် သောက်သုံးရေဂါလန် ၃၆ သိန်းကို မော်လမြိုင်မြို့ပေါ်ရပ်ကွက်များသို့ ဖြန့်ဝေပေးလျက်ရှိပြီး သောက်သုံးရေ ခက်ခဲလျက်ရှိသော တိုးချဲ့ရပ်ကွက်များတွင်လည်း ရေဖြန့်ဝေရေးစခန်းများ ဖွင့်လှစ်ကာ သောက်သုံးရေ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

အထူးအလေးထား

ယခု နွေနှောင်းပိုင်းကာလတွင် ရာသီဥတုပူပြင်းခြောက်သွေ့သဖြင့် ဒေသအချို့၌ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းလျက် သောက်သုံးရေရရှိရေး အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်တို့၌ ရေပေးဝေမှုနှင့် အဝီစိတွင်းများ တူးဖော်ပြီးစီးမှု

မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်းသည် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ် အမှတ်(၂)ရပ်ကွက် ရွာမလမ်းတွင် ရေပေးဝေနေမှု၊ မြို့မလမ်းအတွင်းရှိ အာသောကာ ရာမကျောင်းတိုက်ရှေ့တွင် တစ်နာရီ ရေဂါ လန်၂၀၀၀ခန့် ထွက်ရှိမည့် နှစ်လက်မပိုက်နှင့် အဝီစိတွင်းတူးဖော်နေသည့် လုပ်ငန်းခွင်နှင့် အမှတ်(၁) ရပ်ကွက် မြို့မလမ်းအတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ထွက်ရှိမည့် နှစ်လက်မပိုက်နှင့် အဝီစိတွင်းတူးဖော်ပြီးစီးမှုနှင့် ၈ပေ၊ ၄ပေ အုတ်ရေကန် ဆောက်လုပ်မှုလုပ်ငန်းအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက် ရတနာပုံလမ်းတွင် ရေပေးဝေလျက်ရှိသည့်နေရာ၌ ရပ်ကွက်နေပြည်သူများ ရေရရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရေပေးဝေခဲ့

အဆိုပါ ရေပေးဝေခြင်းလုပ်ငန်းများကို ဒေါပုံမြို့နယ်၌ အမှတ်(၁)နှင့် အမှတ်(၂)ရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်နှင့် သဘောကျင်း ရပ်ကွက်များ၊ သာကေတမြို့နယ်၌ အမှတ်(၈) ရပ်ကွက်နှင့် အမှတ်(၉)ရပ်ကွက်၊ ရတနာအိမ်ရာနှင့် အမှတ်(၁၀)မြောက်ရပ်ကွက်တို့၌ ဧပြီ ၁၂ရက်မှစတင်၍ ရေပေးဝေခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရေများထွက်ရှိမှု

ရန်ကုန်မြို့တော်ဝန်ဦးအောင်သိန်းလင်း ဒေါပုံမြို့နယ် အမှတ်(၁)ရပ်ကွက် မြို့မလမ်း၌ နှစ်လက်မအဝီစိတွင်းမှ ရေများထွက်ရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

သောက်သုံးရေများ ဖြန့်ဝေ

မန္တလေးတိုင်း ရမည်းသင်းမြို့နယ်အတွင်း သောက်သုံးရေ အဆင်ပြေစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဤသို့ ဖြန့်ဝေပေးလျက်ရှိသည်။ (နယ်စပ်စည်ပင်)

သောက်သုံးရေ လုံလောက်စွာရရှိရေး စီစဉ်ဆောင်ရွက်

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေစဉ်။

(နယ်စပ်စည်ပင်)

ဖြန့်ဝေ

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပတ်ဝန်းကျင် ကျေးရွာများတွင် သောက်သုံးရေများကို ဤသို့ ဖြန့်ဝေပေးလျက်ရှိသည်။

(နယ်စပ်စည်ပင်)

အကြမ်းဖက်မှုစွန့်လွှတ်သည့် တာလီဘန်တို့ကို လက်ခံရေး အာဖဂန်အစိုးရကြိုးပမ်းမှု အိုဘားမားထောက်ခံ

ဝါရှင်တန် မေ ၁၄

အကြမ်းဖက်မှုကိုစွန့်လွှတ်ပြီး အယ်လ်ခိုင်ဒါအဖွဲ့နှင့်အဆက်ဖြတ်သည့် တာလီဘန်စစ်သွေးကြွများအား တံခါးဖွင့်ကြိုဆိုလက်ခံရန် အာဖဂန်နစ္စတန်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုကို အမေရိကန်သမ္မတအိုဘားမားက(အောက်ပုံ**) ထောက်ခံကြောင်း အင်တာနက်သတင်းတွင် မေ ၁၂ရက်၌ ဖော်ပြသည်။**

ဝါရှင်တန်၌ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းအား လက်ခံတွေ့ဆုံအပြီးတွင် သမ္မတအိုဘားမားက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ရောက်ရှိ

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်စေရန် အမေရိကန်နိုင်ငံသို့ လေးရက်ကြာနေထိုင်ရန် ရောက်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေး

သမ္မတကာဇိုင်းသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် မေ ၁၁ရက်က တွေ့ဆုံပြီးဖြစ်သည်။ သမ္မတကာဇိုင်းသည် နှစ်နိုင်ငံဆက်ဆံမှုတိုးတက်ရေးနှင့် တာလီဘန်ကိစ္စရပ်များကို ဟီလာရီကလင်တန်နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ **(အင်တာနက်)**

ကနေဒါနိုင်ငံသည် အာကာသ ခရီးစဉ်လေ့လာရေး၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လျက်ရှိရာ တိုရွန်တိုမြို့အနီး၌ ဂြိုဟ်တုဆက်သွယ်ရေးစခန်း တစ်ခုကို မေ ၁၄ရက်၌ ဤသို့တွေ့ရသည်။ (ဆင်ဟွာဓာတ်ပုံ)

သဘာဝဓာတ်ငွေ့တွင်းတူးစင်

ဗင်နီဇွဲလားနိုင်ငံ ကမ်းလွန်ဒေသရှိ သဘာဝဓာတ်ငွေ့တူးဖော်ရေး တွင်းတူးစင်ကို မေ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှုဖြစ်ရပ် ပါဝင်ပတ်သက်သည့်ကုမ္ပဏီများ အပြန်အလှန် ပြစ်တင်ပြောကြား

မက္ကဆီကိုစီးတီး မေ ၁၄

အမေရိကန်အောက်လွှတ်တော်က မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်ခဲ့သည့်ဖြစ်ရပ်အပေါ် စုံစမ်းမှုစတင်ပြုလုပ်လျက်ရှိစဉ် ရေနံကုမ္ပဏီကြီးသုံးခုက ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မေ၁၃ရက်က အပြန်အလှန် ပြစ်တင်ပြောကြားလျက်ရှိသည်။

အမေရိကန်အထက်လွှတ်တော်က ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ကြားနာမှုပြုလုပ်စဉ်အတွင်း ဗြိတိန်ပက်ထရိုလီယမ်(ဘီပီ)၊ ထရန်စ်အိုးရှင်းနှင့်ဟာလီဘာတန်ကုမ္ပဏီတို့အား စစ်ဆေးလျက်ရှိသည်။

တာဝန်ရှိ

ယင်းကုမ္ပဏီများသည် ဧပြီ ၂၀ရက်က ပင်လယ်အတွင်း ရေနံတူးစင်ပေါက်ကွဲမှုနှင့် အလုပ်သမား ၁၁ဦး သေဆုံးမှုအတွက် တာဝန်ရှိခဲ့ကြသည်။

ယိုဖိတ်စီးဝင်

နေ့စဉ် ရေနံစည် ၅၀၀၀ခန့် မက္ကဆီကိုပင်လယ်ကွေ့အတွင်း ယိုဖိတ်စီးဝင်လျက်ရှိသည်။ ရေနံတူးစင်ကို ထရန်စ်အိုးရှင်းက ပိုင်ဆိုင်ပြီး ဟာလီဘာတန်က အင်္ဂတေကိုင်သည့်လုပ်ငန်း တာဝန်ယူထားကာ ဘီပီကရေနံတူးကြီးကြပ်ရေးတာဝန်ကို ယူထားကြသည်။

ဝေဖန်

ယခုအခါ ဘီပီရေနံကုမ္ပဏီ၊ ထရန်စ်အိုးရှင်းနှင့်ဟာလီဘာတန်ကုမ္ပဏီတို့က မိမိတို့တာဝန်ယူသည့်အပိုင်းကို အသီးသီးကာကွယ်ပြောကြားပြီး ကျန်အစိတ်အပိုင်းတို့ကို ဝေဖန်ကာ အပြန်အလှန်ပြစ်တင်ပြောဆိုကြသည်။ **(အင်တာနက်)**

ဗင်နီဇွဲလား ရေနံလုပ်ငန်း ငါးနိုင်ငံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်

ကရာကတ်စ် မေ ၁၄

ဗင်နီဇွဲလားနိုင်ငံ၏ ရေနံကြွယ်ဝသည့် မြေကြောတစ်လျှောက်တွင် ပြည်ပကုမ္ပဏီများက ရေနံစူးစမ်းရေးစီမံကိန်းအတွက် ဗင်နီဇွဲလားအစိုးရသည် ရေနံကုမ္ပဏီနှစ်ခုနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း မေ ၁၂ရက်တွင် တရားဝင်ကြေညာလိုက်သည်။

စူးစမ်း

အိန္ဒိယ၊ မလေးရှား၊ ဂျပန်၊ စပိန်နှင့်အမေရိကန်ပြည်ထောင်စုမှကုမ္ပဏီများပါဝင်သည့် အဆိုပါကုမ္ပဏီနှစ်ခုတို့က အမေရိကန်ဒေါ်လာဘီလီယံ ၄၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အိုရီနိုကိုရေနံကမ်းမြောင်ရှိ ရေနံတွင်းတစ်တွင်းကို စူးစမ်းကြမည်ဖြစ်သည်ဟု ဗင်နီဇွဲလားသမ္မတချာဗက်ဇ်က ပြောကြားသည်။

ပက်ထရိုကာရာဘိုဘိုနှင့် ပက်ထရိုအင်ဒီပင်ဒင်စီယာအမည်ရှိ ရေနံကုမ္ပဏီတို့က ၂၀၁၆ခုနှစ်တွင် နေ့စဉ်ခန့်မှန်းခြေ ရေနံစည် ၄၀၀၀၀၀ ထုတ်လုပ်သွားမည်ဟု ဗင်နီဇွဲလားရေနံကုမ္ပဏီဥက္ကဋ္ဌ ရာမီရက်က ပြောကြားသည်။ **(အင်တာနက်)**

စစ်ရေးလေ့ကျင့်မှု အီရန်ပြီးစီး

တီဟီရန် မေ ၁၄

ဟော်မုဇ်ရေလက်ကြားမှ အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းအထိ ကျယ်ပြန့်သည့် အီရန်နိုင်ငံတောင်ပိုင်းရေပြင်တွင် အီရန်ရေတပ်က စစ်ရေးလေ့ကျင့်မှုပြုလုပ်ပြီးစီးကြောင်း အင်တာနက်သတင်း၌ မေ ၁၃ ရက်တွင်ဖော်ပြသည်။

စမ်းသပ်

အီရန်ရေတပ်က ရေတပ်နှင့်လေတပ်တို့အားဖြည့်မှုပြုလုပ်သည့် ရှစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုသည် မေ ၁၂ရက်တွင် ပြီးစီးခဲ့သည်။ လေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ဖျက်သင်္ဘောပုံစံအမျိုးမျိုး၊ ရေငုပ်သင်္ဘောများ၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး တိုပီဒိုလက်နက်၊ အလတ်စားနျူကလီးယားဒုံးကျည်၊ ဒုံးကျည်ပစ် စင်တင်ဖရီဂိတ်သင်္ဘောနှင့် ဂျက်တိုက်လေယာဉ်များ၏ စွမ်းအင်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာ မူးယစ်ဂိုဏ်း ကိုလံဘီယာရဲတပ်ဖွဲ့ ဖြိုခွင်း

ဘိုဂိုတာ မေ ၁၄

ကိုလံဘီယာရဲတပ်ဖွဲ့သည် အမေရိကန်နိုင်ငံသို့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်လျက်ရှိသည်ဟု မသင်္ကာသူ ၂၀ ပါဝင်သည့် နိုင်ငံတကာမူးယစ်ဂိုဏ်းတစ်ဂိုဏ်းကို ဖြိုခွင်းနိုင်ခဲ့ကြောင်း ရဲမှူးအိုစကာနာရန်ဂျိုက မေ ၁၃ ရက်၌ ပြောကြားသည်။

အခြေချနေထိုင်

၄င်းတို့ကို ဆန်အန်ဒရက်စ်ကျွန်းအပါအဝင် ကော်ဒိုဘာပြည်နယ်မြောက်ပိုင်းနှင့် အန်တိုကာပြည်နယ်အနောက်မြောက်ပိုင်းတို့မှ ဖမ်းဆီးရမိခြင်းဖြစ်ပြီး အဆိုပါ မူးယစ်ဂိုဏ်းသည် ဆန်အန်ဒရက်စ်ကျွန်း၌ အခြေချနေထိုင်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘူလ်ဂေးရီးယား သင်္ဘော ပင်လယ်ဓားပြများ အပိုင်စီးခဲ့

မိုဂါဒစ်ရှူး မေ ၁၄

ဘူလ်ဂေးရီးယားအလံ လွှင့်ထူထားပြီး သင်္ဘောသား ၁၅ဦး လိုက်ပါလာသည့် သင်္ဘောတစ်စင်းကို အေဒင်ပင်လယ်ကွေ့တွင် ပင်လယ်ဓားပြများက အပိုင်စီးခဲ့ကြောင်း ဥရောပသမဂ္ဂ(အီးယူ)ရေတပ်က ပြောကြားသည်။

အဆိုပါသင်္ဘောသည် ဓာတုဗေဒပစ္စည်းသယ်ယူသည့် သင်္ဘောဖြစ်ပြီး အေဒင်ပင်လယ်ကွေ့ ယီမင်ကမ်းလွန်တစ်နေရာ ရေကြောင်းမိုင် ၁၀၀ခန့်တွင် မေ ၁၁ရက်က အပိုင်စီးခံရခြင်းဖြစ်သည်ဟု အီးယူရေတပ်ကထုတ်ပြန်သည့် ကြေညာချက်၌ပါရှိသည်။

ကြိုးပမ်း

သင်္ဘောသားအားလုံးသည် ဘူလ်ဂေးရီးယားနိုင်ငံသားများဖြစ်သည်ဟု ဘူလ်ဂေးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။ ယင်းသင်္ဘောသည် ပင်လယ်နီမှ ပါကစ္စတန်နိုင်ငံသို့ ဦးတည်မောင်းနှင်လာခြင်းဖြစ်သည်။ ဒေသတွင်းရှိ ရေတပ်တပ်ဖွဲ့ဝင်များက သင်္ဘောသားများနှင့် အဆက်အသွယ်ရရှိစေရန် ကြိုးပမ်းနေကြသည်ဟု ယင်းကြေညာချက်တွင် ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တိုယိုတာ မော်တော်ကား ဈေးကွက်မြင့်တက်

တိုကျို မေ ၁၄

ဂျပန်နိုင်ငံမှ တိုယိုတာမော်တော်ကားများ ပြန်လည်ရုပ်သိမ်းနေသည့် ကြားမှပင် ယခုနှစ်ပထမလေးလပတ်အတွင်း တိုယိုတာမော်တော်ကားဈေးကွက်မှာ မြင့်တက်လျက်ရှိသည်ဟု စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းက မေ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

ပြန်လည်ဦးမော့

၂၀၀၉ ခုနှစ်အတွင်းက တိုယိုတာမော်တော်ကားလုပ်ငန်း၌ယန်း ၇၆၆ဘီလီယံ အရှုံးပေါ်ခဲ့ရာမှ ယခုနှစ်ပထမ သုံးလနောက်ဆုံးတွင် မော်တော်ကားဈေးကွက်ပြန်လည်ဦးမော့လာကာ ယန်း ၁၁၂ဘီလီယံ အမြတ်ရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

မြင့်တက်

ကမ္ဘာ့ မော်တော်ကားဈေးကွက်၌ တိုယိုတာမော်တော်ကား ရောင်းချမှုကို ခေတ္တရပ်ဆိုင်းထားလျက်ရှိရာမှ ယခုနှစ် ပထမ လေးလပတ်အတွင်း ယန်း၅ ဒသမ ၂၈ ထရီလီယံရရှိကာ ယခင်နှစ် အလားတူကာလကထက် ၃ ဒသမ ၅၄ ထရီလီယံ မြင့်တက်လာသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်အနီး ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်တောင်ပိုင်း စစ်ဆင်ရေး စစ်သွေးကြွ ၄၀ ဖမ်းဆီးရမိ

ကဘူးလ် မေ ၁၄

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်တောင်ပိုင်း၌ အာဖဂန်နှင့် နေတိုးတပ်ဖွဲ့များ ပူးပေါင်းစစ်ဆင်ရေးဆင်နွှဲမှုအတွင်း မေ ၁၂ရက် ညပိုင်း၌ တာလီဘန် ၄၀ဖမ်းဆီးရမိကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒါအွတ်အမာဒီက မေ ၁၃ ရက်တွင် ပြောကြားသည်။

သိမ်းဆည်းရမိ

ယင်းနေ့မှာပင် ဆာလမ်ဘာဇာအာခရိုင်၌ စစ်ဆင်ရေးဆင်နွှဲခဲ့ရာ လက်နက်ခဲယမ်းများ အပါအဝင် မူးယစ်ဆေးဝါးများနှင့် မော်တော်ဆိုင်ကယ်ငါးစီး သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။

ပြန်လည်တည်တံ့

အာဖဂန်နစ္စတန်နိုင်ငံ၌ အစိုးရတပ်ဖွဲ့က တာလီဘန်ချေမှုန်းရေး ထိုးစစ်များဆင်နွှဲခဲ့ရာတွင် အဆိုပါဖမ်းဆီးရမိမှုများသည် အကြီးမားဆုံးအောင်မြင်မှုတစ်ခုဖြစ်ပြီး ဗဟိုအစိုးရ၏ ဩဇာအာဏာကို ပြန်လည်တည်တံ့စေခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

နယူးယောက်မြို့လယ်၌ သံသယဖြစ်ဖွယ် ကားတစ်စီးတွေ့ရှိ

အမေရိကန်နိုင်ငံ နယူးယောက်မြို့လယ်တွင် မေ ၁၄ရက် နံနက်က သံသယဖြစ်ဖွယ် ကားတစ်စီးကို တွေ့ရှိရသဖြင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးလျက်ရှိရာ ကားနောက်ပိုင်းကိုယ်ထည်တွင် သံသယဖြစ်ဖွယ် ဓာတ်ငွေ့အိုးနှစ်လုံးတွေ့ရှိရကြောင်း နယူးယောက်ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်အနောက်တောင်ပိုင်း၌ မိုင်းတွင်း ပေါက်ကွဲ

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကိုင်ကျိုပြည်နယ် ပူဒန်စီရင်စုအတွင်းရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း မေ ၁၄ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၂၁ဦး သေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

(အောက်ပုံ)

မက္ကဆီကို ပင်လယ်ကွေ့၌ သတ္တဝါများသေဆုံး

မက္ကဆီကိုပင်လယ်ကွေ့၌ မကြာမီက အမေရိကန်ကမ်းလွန်ရေနံ တူးစင်တစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာမှ ထွက်လာသောရေနံများက မက္ကဆီကိုပင်လယ်ကွေ့ ရေပြင်၌ ပျံ့နှံ့လျက်ရှိရာ ပင်လယ်အတွင်းသတ္တဝါအများအပြား သေဆုံးလျက်ရှိကြောင်း မက္ကဆီကိုအရာရှိများက မေ ၁၄ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ငံတကာ ကဗျာလက်ရွှတ်ပွဲတော် ကျူးဘား၌ကျင်းပမည်

(၁၅)ကြိမ်မြောက် နိုင်ငံတကာ ကဗျာလက်ရွှတ်ပွဲတော်ကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ မေ ၂၄ရက်ကစတင်၍ သီတင်းတစ်ပတ်ကြာ ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ကျော်မှ စာရေးဆရာများ၊ ကဗျာဆရာများ စုစုပေါင်း၁၆၀ခန့် တက်ရောက် ကြမည်ဖြစ်ကြောင်း ကျူးဘားပြန်ကြားရေးအရာရှိများက မေ ၁၄ရက်၌ ပြောကြားသည်။

တရုတ်အလယ်ပိုင်း၌ လေပြင်းမုန်တိုင်း တိုက်ခတ်

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ပြီးခဲ့သည့် ရက်အနည်းငယ်မှ စတင်ကာ မိုးသက်မုန်တိုင်းနှင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် မြို့နယ်ပေါင်း ၂၈၀တွင် လူသေဆုံးမှုနှင့်နေအိမ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး အချို့နေရာများ၌ ရေလွှမ်းမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း တရုတ်အရာရှိများက မေ ၁၄ရက်၌ ပြောကြားသည်။

ဘရာဇီး၌ လေယာဉ်ပျက်ကျ၊ ခြောက်ဦးသေဆုံး

ဘရာဇီးနိုင်ငံမြောက်ပိုင်း မင်နက်စ်မြို့အနီးတွင် မေ ၁၄ရက် နံနက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဘရာဇီး လေကြောင်းအရာရှိများက ပြောကြားသည်။

ဘီလပ်မြေစက်ရုံ တောင်အာဖရိက၌ တည်ဆောက်မည်

တောင်အာဖရိကနိုင်ငံ လမ်ပိုပိုပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၅ ဘီလီယံကုန်ကျမည့် ဘီလပ်မြေစက်ရုံတစ်ရုံကို တရုတ်နိုင်ငံက တည်ဆောက်ရန် နှစ်နိုင်ငံကိုယ်စားလှယ်များက မေ ၁၄ ရက်၌ သဘောတူညီမှု လက်မှတ်ရေးထိုးလိုက်ကြသည်။

ဗြိတိန်သင်္ဘော ဆိုမာလီဓားပြများ ပြန်လွှတ်ပေး

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က အေဒင်ပင်လယ်ရေပြင်တွင် ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့သည့် ဗြိတိန်ဓာတုကုန်တင်သင်္ဘောကို မေ ၁၄ရက်၌ ပြန်လွှတ်ပေးလိုက်ကြောင်း၊ သင်္ဘောသား ၂၆ ဦးလည်း ပြန်လည်ပါရှိလာကြောင်း ဗြိတိသျှရေကြောင်းအရာရှိများက ပြောကြားသည်။ ။

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၆။	ကဗျာပန်းဥယျာဉ်
၈း၁၀	၇။	**ကျွမ်းတိုင်းမကြမ်းနဲ့**
၈း၁၅	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Connect with English (Episode-47) (The Lost Boys)
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၀	၅။	Yan Can Cook
၁၂း၄၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သော ချစ်ခြင်း မနွမ်းသော မေတ္တာ** (အပိုင်း-၇)
၁၃း၄၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၃း၅၀	၈။	မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄း၀၀	၉။	**ဆီးချိုသွေးချိုကာကွယ်ပါ**
၁၄း၃၀	၁၀။	အတီးပြိုင်ပွဲ
၁၄း၅၀	၁၁။	International News
၁၅း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၄၅	၁။	Myanmar National League MNL CUP (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Delta United F.C နှင့် နေပြည်တော် F.C)
၅း၄၅	၂။	တေးဂီတအစီအစဉ်
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ
၆း၂၀	၅။	**အလှရှာမယ် လှကမ္ဘာဝယ်**
၆း၃၅	၆။	**ယဉ်တစ်ကိုယ်မယ်** (Nမရာကျော်) (ဒါရိုက်တာ-မင်းဇေယျာလင်း)
၇း၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာခွင့်လွှတ်ပါ** (အပိုင်း-၇)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၄)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၇)
	၁၃။	ဂီတတံခါးလေးဖွင့်ပါဦး
	၁၄။	အစီအစဉ်ပြီး၏။

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းဆင်း

ရန်ကုန် မေ ၁၄

အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂၃/၂၀၁၀)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို စိတ်ဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း၂၀၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ် ကြာမြင့်ခဲ့သည်။

သရုပ်ပြဂုဏ်ပြု

သင်တန်း၏ ဘာသာရပ်တစ်ခုဖြစ်သော သရုပ်ပြဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့ Park Royal Hotel၌ မေ၁၂ရက် ည၆နာရီခွဲက ကျင်းပခဲ့ရာ အခမ်းအနားသို့ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်နှင့် ဇနီးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၄

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက တရားရုံးချုပ် (ရန်ကုန်) အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တရားရုံးချုပ်မှ အရာရှိများ၊ ရန်ကုန်တိုင်း တရားသူကြီး၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ကြသည်။

ပြောကြား

သင်တန်းဆင်းပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုးက သင်တန်းသားသင်တန်းသူများအနေဖြင့် တရားစီရင်ရေးနှင့် သက်ဆိုင်သော အခြေခံအချက်အလက်များကို ပိုင်ပိုင်နိုင်နိုင်သိရှိရန်နှင့် အဆင့်မြင့်မြင့် စဉ်းစားတွေးခေါ်နိုင်ရန် လိုအပ်ကြောင်း၊ ရိုးသားကြိုးစားသော တရားရေးအရာရှိများဖြစ်အောင် ကြိုးစားရန် လိုအပ်ကြောင်း၊ နိုင်ငံတော် မူဝါဒပိုင်းဆိုင်ရာကိစ္စများကို မျက်ခြည်မပြတ်လေ့လာပြီး နိုင်ငံနှင့် ပြည်သူကို အကျိုးပြုမည့် တရားသူကြီးများဖြစ်အောင် ကြိုးစားရန် လိုအပ်ကြောင်း၊ တရားရုံးဂုဏ်သိက္ခာကို အစဉ်တိုးတက်မြင့်မားအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်သူများဖြစ်စေရန်၊ နေ့စဉ် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၈ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

News Watch (စောင့်ကြည့်) ဂျာနယ် ထွက်ရှိ

ရန်ကုန် မေ ၁၄

မြန်မာတစ်ပြည်လုံး အပူချိန်စံချိန်သစ်တင်၊ မေလ ရက် ၂၀ကျော်လျှင် မိုးရွာမည်၊ မုန်တိုင်းပါလာမည်၊ ပန်းလှိုင်မြစ်ရေခန်းခြောက်တိမ်ကော၊ အင်းလေးကန်ရေခန်းခြောက်၊ အပူချိန်မြင့်မား၍ သေဆုံးရသူဦးရေများပြား၊ ဒေါက်တာအောင်ခင်ဆင့်က ဝမ်းပျက်ဝမ်းလျှောရောဂါ အထူးသတိထားဖို့အကြောင်း ရေးသားနှိုးဆော်၊ ရေရှားပါးမှုကြောင့် ရေကိုခက်ခက်ခဲခဲ လိုက်ရှာနေရသူများ၊ လူကုန်ကူးခံရသော မြန်မာသင်္ဘောသားများ၊ သမုဒ္ဒရာထဲမှာ ဘယ်လိုနေခဲ့ရသလဲ၊ ဗိုလ်ချုပ်အောင်ဆန်း၏ စာရေးဆရာစိတ်ဓာတ်၊ နွေရာသီဓာတ်ဆားသောက်လျှင် သွေးတိုးရောဂါရှင်များ သတိထား၊ မန္တလေးစည်ပင်သာယာရေး အခွန်အခဌာနက ဆိပ်ကမ်းအခွန်အခများကို သတ်မှတ်နှုန်းထားဖြင့်ကောက်ခံ၊ မန္တလေးရတနာပုံတက္ကသိုလ် ပထမဆုံးသွေးလျှုပွဲ၊ ဂါလန် ၅၀၀၀ဆံ့ ကွန်ကရစ်ကန်များတည်ဆောက်မည်၊ ထနောင်းဖူးပြီး မိုးဦးမှတ်သုံဘယ်မှာလဲ၊ ရန်ကုန်မြို့က မိုးမျှော်တိုက်များ ရေမီးပြတ်လပ်၊ အရည်အသွေးနိမ့် ကန်ထရိုက်တိုက်များ၏ အခြေအနေ၊ ခေတ်ပေါ်ပစ္စည်းများနှင့် ပျက်စီးနေကြသော မြန်မာလူငယ်များ၊ ကျောင်းသုံးသင်ရိုးစာအုပ်များ နယ်မှဝယ်ယူမှု ထက်ဝက်နည်းသွား၊ ၂၀၁၀ပညာသင်နှစ်အမီ ပုဂ္ဂလိကကျောင်း ၁၀ကျောင်းဖွင့်လှစ်ရန် ဆောင်ရွက်၊ အမေရိကန်ရှိ လူမျိုးခွဲခြားသူများ ဟစ်တလာကို အတုယူရန် မိဘများက သင်ကြားနေ၊ ကိုရီးယားသရုပ်ဆောင် ဟာဂျီဝန် (ဘာလီကျွန်းရဲ့ချစ်ပုံပြင်)၊ အနာဂတ်ဟာ အိပ်မက်တွေနဲ့ပါဆိုတဲ့ ချွဲစိဝန်၊ ၂၀၁၀ကမ္ဘာ့ဖလားဗိုလ်စွဲနိုင်တဲ့အသင်းများ၊ ပါတီခေါင်းဆောင်အဖြစ်မှ ဂေါ်ဒွန်ဘရောင်း နုတ်ထွက်၊ ဖိလစ်ပိုင်မှာ သမ္မတဟောင်း အကွီနိုရဲ့သား ဘီနစ်နိုနိုင်နိုင်အကွီနိုနိုင် အနိုင်ရ၊ ထိုင်းရှပ်နီများနှင့် ထိုင်းရဲများ၏ အကြမ်းဖက်ပဋိပက္ခ....စသည်များနှင့် News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ(၅)၊ အမှတ်(၄၂)ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ကြီးငယ်မဟူ သတိမူ ရန်သူမျိုးကိုသာ

လူကုန်ကူးခံရသူများအား ထိုင်းနိုင်ငံက ပြန်လည်လွှဲပြောင်းပေး လူကုန်ကူးမှုမခံရစေရေး ကြိုတင်တားဆီး ကာကွယ်ကြရန်လို

နေပြည်တော် မေ ၁၄

ထိုင်းနိုင်ငံရှိ ကယ်ဆယ်ရေးစခန်းများ၌ ထိန်းသိမ်းစောင့်ရှောက်ထားသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၃၄ဦးတို့အား မေ ၁၁ ရက် နံနက် ၁၀ နာရီက ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြဝတီမြို့ သောင်ရင်းခန်းမ၌ လွှဲပြောင်းပေးခဲ့ကြောင်း၊ ယင်းလူကုန်ကူးခံရသူများအား မြဝတီမြို့မှ မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ဆက်လက်ပို့ဆောင်၍ မော်လမြိုင်မြို့ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၌ စောင့်ရှောက်ထားပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကြိုတင်ရှောင်ကြဉ်

ငယ်ရွယ်သူ အမျိုးသား၊ အမျိုးသမီးများ၊ ကလေးသူငယ်များအား မက်လုံးအမျိုးမျိုးပေး၍ အိမ်နီးချင်းနိုင်ငံများသို့ ရောင်းစားလျက်ရှိရာ လူကုန်ကူးမှုမခံရစေရေးအတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများက နိုင်ငံတစ်ဝန်းဟောပြောဆွေးနွေးခြင်း၊ အသိပညာပေးခြင်းစသည်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘအုပ်ထိန်းသူ၊ ညီအစ်ကို မောင်နှမများကလည်း လူကုန်ကူးသူများ၏ မြူဆွယ်ဖြားယောင်းသွေးဆောင်မှုများ မခံရစေရေးအတွက် ဗဟုသုတများ မျှဝေပေးသင့်ကြောင်း၊ လူကုန်ကူးခံရသူများ၏ ဒုက္ခပင်လယ်ဝေရသည့် ဖြစ်ရပ်ဆိုးများကို သင်ခန်းစာယူ၍ အလားတူမဖြစ်စေရေး ကြိုတင်ရှောင်ကြဉ်သင့်ကြောင်း သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၄

သောက်သုံးရေရှားပါးမှုအခက်အခဲမဖြစ်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ စီမံညွှန်ကြားမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ သောက်သုံးရေလုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အခမဲ့ဝေငှလှူဒါန်း

ယင်းသို့ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်း ကျွန်းစုမြို့နယ်ရှိ ပန်းဇင်ကျေးရွာ၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်များ၊ မြို့မိမြို့ဖများပူးပေါင်း၍ လေးလက်မအဝီစိတွင်းတစ်တွင်းနှင့် နှစ်လက်မအဝီစိတွင်း တစ်တွင်းတို့ကိုတူးဖော်ပြီး တစ်နေ့လျှင် ရေဂါလန် ၅၀၀၀ ခန့်ကို မေ ၅ ရက်မှစ၍ အခမဲ့ဝေငှလှူဒါန်းလျက်ရှိသည်။

ထို့အတူ တောနောက်လယ်ကျေးရွာ၌ သုံးလက်မအဝီစိတွင်း တစ်တွင်းနှင့် နှစ်လက်မအဝီစိတွင်းတစ်တွင်းတို့ကိုတူးဖော်ပြီး တစ်နေ့လျှင် ရေဂါလန် ၇၀၀၀ ခန့်ကိုလည်းကောင်း၊ ရေကန်အော်ကျေးရွာ၌ လေးလက်မအဝီစိတွင်း နှစ်တွင်းကို တူးဖော်ပြီး တစ်နေ့လျှင် ရေဂါလန် ၂၅၀၀ ခန့်ကိုလည်းကောင်း မေ ၁၂ ရက်မှစ၍ အခမဲ့ဝေငှလှူဒါန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းဖြစ်သော နမ့်ခင်နွံရေစက်ရုံမှ အမှတ်(၂) ရေကန်သို့ ရေပေးပို့ဆောင်ရွက်နေမှုကို မေ ၁၃ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး)ဦးအောင်ငွေးကြွယ် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းမှ မြို့ပေါ်ရပ်ကွက်များတွင် တပ်ဆင်ထားသော ရေမီတာများ ပုံမှန်လည်ပတ်မှုရှိစေရေးနှင့် ပြည်သူများ ရေပုံမှန်ရရှိစေရေးအတွက် မေ ၅ရက်က လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းနှင့် အဖွဲ့ရုံးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ်၊ ဇောဗ္ဗျင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဥပ္ပါတသန္တိကျမ်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကုမာရ)
- ၆:၄၅ စွယ်တော်လေးဆုဆုပန်ယူ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (ဖန်ဆင်းရှင်)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၁)
- ၈:၃၀ Sports World
- ၈:၅၅ Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ
- ၉:၀၅ Activities in the City (ဝိုင်း-မွန်တက်ဆိုရီစင်တာ၏ ရွှေရတု အလှူမင်္ဂလာ)
- ၉:၁၅ မပြတ်ဦးတင် ကန့်ဘလူနယ်မှ အာစရိယဂုဏ်အင်
- ၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၅၀ ရိုးရိုးယဉ်ယဉ် အလှသွေးကြွယ်
- ၁၁:၁၅ သွားမယ်စားမယ် (Eucalypt Restaurant)
- ၁၁:၄၀ **မျက်ရည်စက်များကင်းစေချင်** အကယ်ဒမီနေအောင်၊ အကယ်ဒမီ ချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)
- ၁၂:၁၅ လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်....
- ၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (Queen Oramin-F 2010 ရွေးချယ်ပွဲ)
- ၁၂:၄၀ စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
- ၁:၀၀ **ဥပ္ပါတသန္တိကျမ်း** တရားတော် (ဆရာတော် ဘဒ္ဒန္တကုမာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Traditional Fashion)
- ၃:၂၀ Activities in the City (ဝိုင်း-မွန်တက်ဆိုရီစင်တာ၏ ရွှေရတု အလှူမင်္ဂလာ)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၁)
- ၄:၁၀ ရိုးရိုးယဉ်ယဉ် အလှသွေးကြွယ်
- ၄:၃၅ မပြတ်ဦးတင် ကန့်ဘလူနယ်မှ အာစရိယဂုဏ်အင်
- ၅:၀၀ ရန်ကုန်မြင်ကွင်းကျယ်(ဖန်ဆင်းရှင်)
- ၅:၁၅ Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သွားမယ်စားမယ် (Eucalypt Restaurant)
- ၆:၄၀ Shooting Location (ဇီဇဝါအိမ်)
- ၇:၀၀ Fashion Music Festival (Traditional Fashion)
- ၇:၄၀ FA Cup Preview
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့- တင်မောင် ဆန်းမင်းဝင်း)(အပိုင်း-၁)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၁)
- ၁၀:၀၀ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
- ၁၀:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Queen Oramin-F 2010 ရွေးချယ်ပွဲ)
- ၁၀:၂၅ Shooting Location (ဇီဇဝါအိမ်)
- ၁၀:၄၅ အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့- တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၁)
- ၁၁:၃၀ သီးနှံစိုက်ပျိုးအထွက်တိုး **စပါးပန်းတိုင်အထွက်နှုန်း**
- ၁၁:၄၀ လှမ်းလာခဲ့ပါ.... နှောင်အင်းလေးက ကြိုနေမှာ
- ၁၂:၀၀ လက်မှုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်....
- ၁၂:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA CUP ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	Chelsea-Portsmouth	Star Sports (Live)

သာကေတ (၄)ရပ်ကွက် မြကန်သာသောက်ရေကန်ကြီး ရပ်ကွက်ပြည်သူအများစုပေါင်း၍ ပြန်လည်တူးဖော်

ရန်ကုန် မေ ၁၄

သာကေတမြို့နယ် ၄/တောင်၊ ၄/မြောက် ရပ်ကွက်နှစ်ခုရှိ မြကန်သာသောက်ရေကန်ကြီးသည် ခန်းခြောက်လာ၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ စေတနာရှင်ရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် အဆိုပါ ရေကန်ကြီးကန်ဖော်ခြင်း၊ ကန်ဆည်ခြင်း၊ ကန်မြှင့်တင်ခြင်းလုပ်ငန်းများကို မေ ၁၃ ရက် နံနက် ၆ နာရီမှစတင်ကာ စက်အား၊ လူအားဖြင့် ရပ်ကွက်နေပြည်သူများ တက်ညီလက်ညီ ပြန်လည်တူးဖော်ဆောင်ရွက်ကြသည်။

ပြန်လည်တူးဖော်

မြကန်သာ သောက်ရေကန်ကြီး ပြန်လည်တူးဖော်ရာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင်များ၊ ဦးစောထွန်းအောင်၊ ဦးအောင်ထွန်း၊ ဦးစန်းလင်း၊ ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)တို့ အမှူးပြုသော ရေကန်ပြန်လည်တူးဖော်ရေးကော်မတီဝင်များ၊ စေတနာရှင်လုပ်အား အလှူရှင်ပြည်သူများ စုပေါင်းတက်ရောက်ခဲ့ကြပြီး နိုင်ငံတော်အကြီးအကဲ၏ မိုးခေါင်မှု၊ သောက်သုံးရေရှားပါးမှုစသည့် သဘာဝဘေးအန္တရာယ်ကို စုပေါင်းရင်ဆိုင်ဖြေရှင်းနိုင်အောင် အစစပြင်ဆင်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်နှင့်အညီ နှစ်ပေါင်း ၅၀ သက်တမ်းရှိ မြကန်သာရေကန်ကြီးကို ပြည်သူအများ ကိုယ့်အားကိုယ်ကိုး စုပေါင်းပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း ရပ်မိရပ်ဖ ဦးစောထွန်းအောင်က ရှင်းလင်း ပြောကြားခဲ့ကာ ကုန်ကျစရိတ်များအတွက် ဦးဆန်းဝင်း-ဒေါ်သန္တာ(ပင်လုံဆောက်လုပ်ရေး)က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်ငြိမ်း- ဒေါ်ခင်သန်းစိုးက ငွေကျပ်သုံးသိန်း၊ ဦးတင်အောင်-ဒေါ်ကြည်ကြည်ခိုင်၊ ဦးဆန်းလင်း-ဒေါ်အေးအေးမြင့်၊ ဗိုလ်ကြီးဝင်းနိုင်-ဒေါ်ညွန့်ညွန့်လှ၊ ဦးဇော်မင်း-ဒေါ်စန်းနု၊ ဦးမောင်ရွှေ၊ ဦးယဉ်ငွေးတို့က ငွေကျပ်တစ်သိန်းစီနှင့် စုစုပေါင်းအလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် ဘဏ္ဍာရေးမှူး ဦးဇော်မင်းတို့က လက်ခံယူကြသည်။ မြကန်သာသောက်ရေကန်ကြီးသည် ပေ ၅၀၀ ပတ်လည်ရှိပြီး ၎င်းရေကန်ကိုအမှီပြု၍ ရန်ကုန်မြို့တော်ဝန်ကလည်း သောက်ရေသန့်စက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဧပြီ ၁၇ရက်က ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သင်္ကြန်ပူဇော်ပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းလွင်က ဖြူးဘိုးဘွားရိပ်သာသို့ အလှူငွေကျပ် ၂၇၅၀၀၀ကို ပေးအပ်လှူဒါန်းရာ ရိပ်သာအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးဝင်းနိုင် လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မေ ၁၄

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များဖွင့်

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၀)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၃ရက် နံနက် ၉နာရီက ပြည်မြို့ တိုင်းကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများက ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး၍ ဖွင့်လှစ်ပေးသည်။ (တိုင်း ပြန်/ဆက်)

ဖလမ်းမြို့နယ်စည်ပင်သာယာ ရေမြောင်းများသန့်ရှင်း

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သစ္စာလမ်းနှင့် ချယ်ရီလမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဧပြီ ၂၉ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

နွားထိုးကြီး၌ မီးဘေးအန္တရာယ်ကာကွယ်ရေး နှိုးဆော်

နွားထိုးကြီးမြို့ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ် ၃၀ရက်က နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာနက မြို့မ(၈)ရပ်ကွက်တွင် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ကြရန် အပတ်စဉ် နှိုးဆော်သတိပေးကြသည်။ (၀၉၂)

ကျောက်ကြီးစည်ပင်သာယာ လက်တူးတွင်း တူးဖော်

ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြရေပေးရေးလုပ်ငန်း၊ တောင်ငူတန်းရပ်ကွက် လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မေ ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ရေနွာ၌ ဇွာရိုးကျေးရွာ စာကြည့်တိုက်ခိုင်မာရေး ဆွေးနွေး

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်ခရိုင် ရေဇွာမြို့ရှိ ကရင်လန်ကျေးရွာအုပ်စု ဇွာရိုးကျေးရွာ စာကြည့်တိုက် ခိုင်မာရေးဟောပြောပွဲကို မေ ၆ရက် ညနေ ၆နာရီက ကျေးရွာဥက္ကဋ္ဌနေအိမ်၌ ကျင်းပရာဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဟာထန်းက စာကြည့်တိုက် ခိုင်မာဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ်စည်ပင် မီးငြိမ်းသတ်ရေးသရုပ်ပြ

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မေ ၆ရက် နံနက် ၉နာရီက မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးခင်မောင်ကိုတို့ဦးဆောင်၍ ဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

အခြေခံနှင့်အဆင့်မြင့် အိမ်တွင်းမှုသင်တန်း ပခုက္ကူ၌ဖွင့်

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပခုက္ကူ)၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၄)နှင့် အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၁)ဖွင့်ပွဲကို မေ ၁၀ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။ (၀၇၀)

သား၊ ငါး ယင်လုံဆန်ခါဖြင့် ရောင်းချရေး စစ်ဆေး

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် သား၊ ငါး အရောင်းဆိုင်များ သန့်ရှင်း၍ ရောဂါကင်းသော လတ်ဆတ်သည့် သား၊ ငါးဈေးများ ယင်လုံဆန်ခါဖြင့် ရောင်းချမှု ရှိ မရှိကို ဧပြီ၁ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးသည် ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့်အတူကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (၀၉၄)

ဒေါ့ပုန်းယန်၌ အိုအေစစ်စာကြည့်တိုက်အဆောက်အအုံဖွင့်

ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ တာဆိုင်ကျေးရွာအုပ်စု တိန်းမကြိုင်းကျေးရွာတွင် အိုအေစစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၉ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအောင်ကျော်ထွန်းနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဟိုပင် စက်ကုန်းအလကကျောင်း မုခ်ဦးဆိုင်းဘုတ်တင်

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ စက်ကုန်းအခြေခံပညာအလယ်တန်းကျောင်းမုခ်ဦး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဧပြီ ၁၀ရက် နံနက် ၈နာရီက အဆိုပါ ကျောင်းမုခ်ဦးရှေ့၌ကျင်းပရာ မုခ်ဦးကို ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မြမြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုးတက်ဖွံ့ဖြိုးအလှတိုး လှပဝေဖြာ မြို့မိတ္ထီလာ

➤သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း(မြန်မာ့အလင်း)

မိတ္ထီလာ မေ ၁၄

နေပြည်တော်မှ နံနက်စောစော မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ အပူရှိန်မြင့်တက်နေသဖြင့် ကားပြတင်းမှ လေတိုးသော်လည်း အိုက်စပ်ပူလောင်မှုက လျော့မကျ။ ကားလမ်းဝဲယာတွင် နွေသီးနှံ စိုက်ပျိုးထားမှုများ၊ တည်ဆောက်ရေး

မြို့အဝင်မုခ်ဦးက သတင်းခရီးသည်တို့အား ဤသို့ကြိုဆိုနေသည်။

လုပ်ငန်းများကို မပြတ်တမ်း တွေ့မြင်ရသည်။ ကားလမ်းဘေးတစ်လျှောက် မြို့ရွာများ၏ အသွင်အပြင် ပြောင်းလဲတိုးတက်လာမှု ပုံရိပ်များက အစီအရီ။ သုံးနာရီခန့် မော်တော်ယာဉ်စီးပြီးချိန်တွင် **"မိတ္ထီလာမြို့မှ ကြိုဆိုပါ၏"** ဟူသော မိတ္ထီလာမြို့အဝင်မုခ်ဦးသို့ ရောက်ရှိခဲ့လေသည်။

မြင်ကွင်း

ကျယ်ပြန့်ညီညာသော ကားလမ်းအတိုင်း ဖြည်းဖြည်းချင်းမောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ မိတ္ထီလာမြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများကို တွေ့မြင်ရသည်။ ခေတ်မီ နေအိမ်တိုက်တာများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များက ပျားပန်းခပ်မျှ မောင်းနှင်သွားလာလျက်။ စီးပွားရေး မြို့တစ်မြို့ အသွင်အပြင် ပီပီပြင်ပြင် ဖြစ်ထွန်းနေသည့် မိတ္ထီလာမြို့အဖြစ် ပြောင်းလဲခဲ့ပေပြီ။

မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်အုပ်နှင့် တာဝန်ရှိသူများ၏ ကူညီပေးမှုကြောင့် မိတ္ထီလာမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာနိုင်ခဲ့သည်။ မိတ္ထီလာမြို့သည် ခရိုင်မြို့ဖြစ်သည့်အတွက် စည်ကားသည်။ မြို့တွင်းလမ်းများကျယ်ကာ အားလုံးနီးပါး ကတ္တရာခင်းထားနိုင်ရာ သွားရေး လာရေး အဆင်ပြေလှသည်။

မေးမြန်း

မိတ္ထီလာမြို့ စည်ပင်သာယာရေး ဆောင်ရွက်ချက်နှင့် ပတ်သက်၍ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းကို သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ "မြို့ပေါ်နဲ့ ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းတွေအပြင် သောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးရေးလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်းတွေပါ အောင်မြင်အောင် ဆောင်ရွက်နေပါတယ်" ဟု ပြောပြသည်။

မိတ္ထီလာမြို့အတွင်း ရန်ကုန်-မန္တလေး လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများတွင် ရေတမာ၊ နွယ်သာကီ၊ စက္ကူပန်း၊ မီးကွင်းဂမုန်း၊ ရွက်လှရောင်စုံ စသည့် ပန်းအလှပင်များ စိုက်ပျိုးထားသည်မှာ စိမ်းစိုလန်းဆန်းကာ ညီညာဖြောင့်တန်း လှပလျက်ရှိသည်။ လမ်းလယ်ကျွန်းများကို အင်္ဂတေများဖြင့် စနစ်တကျ အခိုင်အမာ ပြုလုပ်ထားပြီး အချို့နေရာများတွင် သံဆန်ခါများ တပ်ဆင်ထားသည်မှာ ပေ ၂၀၀၀ ကျော်ရှည်လျားသည်။

မိတ္ထီလာမြို့တွင်းလမ်း

မိတ္ထီလာမြို့တွင်းလမ်းများက ဤသို့ သန့်ရှင်းသပ်ရပ်စွာ····။

မိတ္ထီလာမြို့အတွင်း ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်သာမက အခြားလမ်းများတွင်လည်း ရေတမာပင်ပျိုများကို စနစ်တကျ တန်းစီစိုက်ပျိုးထားသလို နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးတိုင်များ စီတန်းစိုက်ထူထားသည်ကို အမြင်ဆန်းစွာ တွေ့မြင်ရသည်။ လမ်းလယ်ကျွန်း တစ်လျှောက်တွင် အောက်ခြေပိုင်း၌ ရောင်ပြန်ပြားများ တပ်ဆင်ထားပြီး ယာဉ်မောင်းသူများ သတိပြုနိုင်ရေး အန္တရာယ်ကင်းအောင် ပြုလုပ်ထားသည်။

နာရီစင်

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက်အနီး တည်ဆောက်ထားသော ပေ ၆၀ ခန့် အမြင့်ရှိသည့် နာရီစင်ကြီးကလည်း မိတ္ထီလာမြို့အလှ၏ ပြယုဂ်တစ်ခုအသွင်ဆောင်လျက်ရှိသည်။ ဤနာရီစင်ကို ၁၃၅၂ ခုနှစ်က တည်ဆောက်ထားသည် ဖြစ်သော်လည်း မိတ္ထီလာမြို့ စည်ပင်သာယာရေးအဖွဲ့၏ ပြုပြင်ထိန်းသိမ်းမှုကြောင့် ဆေးရောင်စုံများ၊ အမိုး၌ စုလစ်မွမ်းချွန်များဖြင့် သစ်လွင်သပ်ရပ် လှပလျက်ရှိနေဆဲ။ မိတ္ထီလာမြို့နေပြည်သူများအပါအဝင် ရပ်နီး ရပ်ဝေးမှ ဧည့်သည်များ အချိန်သိရှိနိုင်ရန် ခံ့ညားထည်ဝါစွာ ထီးထီးမားမား ရပ်တည်လျက်ရှိနေသည်။

မြို့ကျက်သရေဆောင်နာရီစင်

မြို့ကျက်သရေဆောင် မိတ္ထီလာမြို့ နာရီစင်ကလည်း ဤသို့ ခံ့ညားထည်ဝါစွာ····။

ဈေးများ

မိတ္ထီလာမြို့တွင် ဈေးအရှေ့ပြင်ရပ်ကွက်နှင့် မြို့မရပ်ကွက်အကြား၌ မိတ္ထီလာမြို့၏ အဓိက မြို့မဈေးကြီးကို တည်ဆောက်ထားရာ အချက်အချာကျသဖြင့် ရောင်းသူဝယ်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ကုန်းလမ်းခရီး လမ်းဆုံမြို့ဖြစ်သဖြင့် ဒေသထွက်ကုန်များအပြင် မြန်မာနိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်မှ ကုန်ပစ္စည်းမျိုးစုံကိုလည်း စုံလင်စွာ ရောင်းဝယ်ဖောက်ကားနေသည်မှာ ကြက်ပျံမကျ စည်ကားလှပေသည်။ မိတ္ထီလာမြို့တွင် မြို့မဈေးကြီးအပြင် ပိတောက်မြိုင်ဈေး၊ ဖြိုးဝေဈေး၊ ပုလဲဈေး၊ ပေါက်ချောင်းဈေး၊ အောင်ဆန်းဈေး၊ ဝန်ဇင်းဈေးနှင့် ပြည်သာယာဈေးများကို ဖွင့်လှစ်ထားသဖြင့် ရောင်းဝယ်ဖောက်ကားမှု မြိုင်ဆိုင်လှသည်ကိုလည်း မြင်တွေ့ရသည်။

လမ်းဆုံမြို့

မိတ္ထီလာမြို့သည် ခရီးလမ်းဆုံဖြစ်ရာ မြို့အဝင်ကြိုဆိုရေးဆိုင်းဘုတ် ငါးခုရှိသည်။ ရန်ကုန်လမ်းအဝင်၌ ကြိုဆိုရေးဆိုင်းဘုတ်တစ်ခု၊ မြင်းခြံလမ်းအဝင်၌ ကြိုဆိုရေးဆိုင်းဘုတ်တစ်ခု၊ ကျောက်ပန်းတောင်းလမ်းအဝင်၌တစ်ခု၊ သာစည်လမ်းအဝင်၌ တစ်ခု၊ မန္တလေးလမ်းအဝင်၌ တစ်ခုရှိရာ ထူးထူးခြားခြား လမ်းဆုံ၌တည်ရှိနေသော မြို့လည်းဖြစ်သည်။ မြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်များကိုလည်း ကွန်ကရစ်ဖြင့် ဒီဇိုင်းလှပစွာ အဆင့်ဆင့် ခိုင်ခိုင်မာမာ ပြုလုပ်ထားသည့်အပြင် ဆေးရောင်စုံများဖြင့် လှပဆန်းသစ်နေအောင် စည်ပင်သာယာရေးအဖွဲ့က ပြုလုပ်ထားသည်။ မြို့အဝင် 'ကြိုဆိုပါ၏' ဆိုင်းဘုတ်အောက်ခြေတွင်လည်း ပန်းအလှမျိုးစုံဖြင့် အမြဲတမ်းစိမ်းလန်းနေအောင် ပြုပြင်ပေးနေသည်ကို တွေ့ရသည်။

မိတ္ထီလာကန်

မိတ္ထီလာမြို့ ဂုဏ်သတင်းကို ဆောင်ကြဉ်းပေးနေသည့် နေရာများ၌ မိတ္ထီလာကန်က အထင်ကရ ပါဝင်နေသည်။ မိတ္ထီလာကန်သည် မိတ္ထီလာမြို့သူမြို့သားတို့အတွက် အဓိကရေပေးဝေဖြန့်ဖြူးရာနေရာပင် ဖြစ်သည်။ မိတ္ထီလာကန်ပေါင်ပေါ်လျှောက်ကာ သန့်ရှင်းလတ်ဆတ်သောလေကိုရှူရှိုက်ပြီး မိတ္ထီလာမြို့အလှကို ကြည့်ရှုခံစားရသည်မှာ ထူးခြားမှုရသတစ်မျိုးပင်····။ မိတ္ထီလာရေကန်အတွင်း အမှိုက်သရိုက်များ ကင်းစင်ကာ အမြဲတမ်း သန့်ရှင်းနေအောင်လည်း ဆောင်ရွက်လျက်ရှိသည်။

သန့်ရှင်းရေး

မိတ္ထီလာတစ်မြို့လုံးတွင် မြို့ပေါ်ရပ်ကွက်ပေါင်း ၁၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် ကျေးရွာပေါင်း ၃၇၉ ရွာ ပါဝင်တည်ရှိသည်။ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သန့်ရှင်းသပ်ရပ်နေအောင် စည်ပင်သာယာရေးအဖွဲ့က နေ့စဉ် နံနက်တစ်ကြိမ်နှင့် ညနေတစ်ကြိမ်သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ နေ့စဉ်အရောင်းအဝယ်၊ သွားလာလှုပ်ရှားမှုများနှင့် မည်မျှစည်ကားနေစေကာမူ သန့်ရှင်းသပ်ရပ်နေသည်ကို တွေ့ရသည်။

ထည်ထည်ဝါဝါ

မိတ္ထီလာမြို့သည် တိုက်တာအိမ်ခြေအဆောက်အအုံများ၊ တည်းခိုရန်အဆင့်မြင့်ဟိုတယ်များနှင့်တကွ ဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ကထက်ခြားနားစွာ ပြောင်းလဲတိုးတက်ခဲ့လေပြီ။ သန့်ရှင်းလှပပြီး ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးမြို့အဖြစ် ထည်ထည်ဝါဝါ တည်ရှိနေပြီဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက်အဖြစ် ရေးသားပေးပို့လိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့ရှုခင်းအလှ

နေအိမ်တိုက်တာ အဆောက်အအုံများဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မိတ္ထီလာမြို့ရှုခင်းအလှကို အပေါ်စီးမှ တွေ့ရသည့်မြင်ကွင်း····။



15-5 (07).pmd 1 5/15/2010, 1:25 AM

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်း ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❍ *ရှေ့ဖုံးမှ*

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လမ်းဖောက်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကားပြောကြားရာ၌ ယနေ့သည် ဧရာဝတီတိုင်းအတွင်း ၉၆မိုင် ရှည်လျားသော ''ပုသိမ်-သလပ်ခွာ-မော်တင်စွန်း'' ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးနိုင်သည့်နေ့ဖြစ်၍ တစ်မျိုးသားလုံး ဝမ်းသာဂုဏ်ယူဖွယ်ရာဖြစ်သကဲ့သို့ လမ်းသစ်ကြီးပေါ်ထွန်းလာသည့် ဧရာဝတီတိုင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း ဂုဏ်ယူဝင့်ကြွားစရာ နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ကုန်းလမ်းခရီး

ဧရာဝတီတိုင်းသည် မြစ်ချောင်းအင်းအိုင်ပေါများသည့် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပြီး ယခင်က ရေလမ်းခရီးကိုသာ အဓိကထားသွားလာခဲ့ရကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဧရာဝတီတိုင်းအတွင်း မော်တော်ကားလမ်းများ အများအပြား ဖောက်လုပ်ပြီး မြစ်ကူးတံတားကြီးများ တစ်စင်းပြီး တစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွား ပြည်သူများအနေဖြင့် အချိန်တို အတွင်းတွင် ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ကြပြီဖြစ်ကြောင်း။

မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **''ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးမှာ ဒေသအတွင်း ဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်သလို အခြားဒေသနှင့် ဆက်သွယ်တဲ့ လမ်းများမှာလည်း ကောင်းမွန်ရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာ ဒေသတစ်ခုရဲ့ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့မှာလည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း''** လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ဤလမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် လမ်းများကို ကွန်ရက်သဖွယ်ဖြစ်အောင် ဖောက်လုပ်ခဲ့ကြောင်း၊ ထို့အပြင် လိုအပ်သည့်နေရာတိုင်း၌ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးခဲ့ကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း

ဧရာဝတီတိုင်းအနေဖြင့် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အရေးပါသည့် လမ်းများကို ပိုမို ကောင်းမွန်အောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်မှာပင် ၂၀၀၈ခုနှစ် မေလ ၂ရက်နေ့နှင့် ၃ရက်နေ့တို့၌ အလွန်အင်အားပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး ဒဏ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ကြရပါကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ဧရာဝတီတိုင်းအတွင်း ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာတွင် မြစ်ချောင်းအင်းအိုင် လက်တက်များစွာ ပေါ်ထွန်းနေသည့် ဧရာဝတီတိုင်းအတွင်းရှိ လမ်းများ ဖောက်လုပ်ရာ၌ ကမ်းပတ်တာများ၊ အသက်ကယ်ကုန်းမြင့်များ အဖြစ်ပါ အသုံးပြုနိုင်ရန်နှင့် လမ်းကွန်ရက်သဖွယ် ဖြစ်ပေါ်စေပြီး ''ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း လမ်းမကြီး (၁၀)သွယ်''ကို အရှိန်အဟုန်ဖြင့် ဖောက်လုပ်ခဲ့ကြောင်း။

နေ့မအားညမနား

ယနေ့ ဖွင့်လှစ်နိုင်သည့် လမ်းမကြီးမှာ အရှည် ၉၆မိုင်ရှိ လမ်းကွန်ရက်အမှတ်(၉) ''ပုသိမ်-သလပ်ခွာ-မော်တင်စွန်း''လမ်းမကြီးပင်ဖြစ်ကြောင်း၊ ယခင် အမာခံလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်နှင့် ကွန်ကရစ်တံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၀ ခုနှစ် မေလ ၁၄ရက်နေ့အထိ အချိန် ငါးလကျော်အတွင်း ပြီးစီးအောင် တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်အဖွဲ့ ၁၅ဖွဲ့ဖြင့် နေ့မအားညမနား ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဤလမ်းမကြီး ဖွင့်လှစ်နိုင်ခြင်းကြောင့် ဧရာဝတီတိုင်း ပုသိမ်ခရိုင်၏ အနောက်တောင်ခြမ်းမှာရှိသည့် ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ ငွေဆောင်မြို့နယ်၊ ငရုတ်ကောင်းမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်တို့မှ ဒေသခံပြည်သူများအတွက် ယခင် မိုးတွင်းကာလတွင် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာမှ ယခုဆိုလျှင် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ဆက်သွယ်မှု ရရှိလာနိုင်သကဲ့သို့ ရိုးမလမ်းကြီးက သဘာဝအေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကာကွယ်ပေးသည့် အသက်ကယ်ကုန်းကြီးတစ်ခုကဲ့သို့ ရပ်တည်ပေးလျက်ရှိနေမှာဖြစ်ကြောင်း၊ သမိုင်းဝင်တန်ခိုးကြီးဘုရားဆံတော်ရှင် မြတ်မော်တင်စေတီတော်ကို တပေါင်းလဘုရားပွဲ ကျင်းပသည့် ကာလတွင်သာ ဖူးတွေ့ခွင့်ရခဲ့ရာမှ ယခုအခါ ရာသီမရွေး သွားလာဖူးမြော်ခွင့်ရရှိနိုင်ပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်း၏ အနောက်တောင်ဘက်စွန်းအရပ်ရှိ မြတ်မော်တင်မှ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ မော်တော်ယာဉ်ဖြင့် ခုနစ်နာရီအတွင်း သွားလာရောက်ရှိနိုင်မှာဖြစ်၍ အလွန်ပင် အံ့သြလောက်အောင် တိုးတက်မှုများ ခံစားကြရပြီ ဖြစ်ကြောင်း၊ အလားတူ စီးပွားရေး လုပ်ငန်းများအနေဖြင့် လမ်းမကြီး ဝဲယာ၌ ရော်ဘာ၊ ကြက်ဆူနှင့် သီဟိုဠ်ခြင်းများ၊ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာမျိုးစုံ စိုက်ခင်းများ ထူထောင်နိုင်ခြင်း၊ ရေထွက်ပစ္စည်းများကို အချိန်တို နေ့ချင်းပေါက်ဈေးကွက်သို့ တင်ပို့နိုင်ခြင်းကြောင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုများ ရှိလာမည့်အပြင် ငရုတ်ကောင်းမြို့အနီး ကိုရံကြီးကျွန်းမှထွက်ရှိမည့် ထုံးကျောက်များကို အမှီပြု ဆောက်လုပ်မည့် ဘိလပ်မြေစက်ရုံစီမံကိန်းအတွက်လည်း များစွာအထောက်အကူ ပြုနိုင်တော့မှာဖြစ်သည့်အတွက် ဧရာဝတီတိုင်းအနေဖြင့် မကြာမီ ကာလတွင် ယခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ကြောင်း။

အဓိကအင်အားစု

ဤသည်နှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **''ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးဟာ ဒေသခံပြည်သူများရဲ့ ဆောင်ရွက်မှုအပေါ်တွင် တည်မှီလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အင်အားစုမှာ ဒေသခံပြည်သူများသာ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက လိုအပ်သော အားပေးမှု၊ အထောက်အကူပြုမှုများဖြင့် အခြေအနေကောင်းများကိုသာ ဖန်တီးပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ သယံဇာတများကို အခြေခံပြီး ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် အားထုတ်နိုင်မှသာ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုလည်း အခြေခိုင်မာလာမည်ဖြစ်ကြောင်း''** လမ်းညွှန်မိန့်ကြားသွားခဲ့ပါကြောင်း။

လမ်းပန်းဆက်သွယ်မှုအခြေအနေကောင်းအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက လုပ်အားနှင့်ယှဉ်ပြီး တက်ညီလက်ညီ ကြိုးပမ်းကြမည်ဆိုလျှင် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို လုပ်ငန်းလမ်းညွှန်မှုအဖြစ်ခံယူပြီး မိမိဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့် စိတ်ဓာတ်ဖြင့် နာဂစ်လွန် ဒုတိယနှစ်ဖြစ်သည့် ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စပါးစိုက်ပျိုးမှုအနေဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် မိုးစပါးဧက ၃၇သိန်း၊ နွေစပါးဧက၁၃သိန်း စုစုပေါင်းဧက သိန်း ၅၀ စိုက်ပျိုးနိုင်ခဲ့၍ ရည်မှန်းချက်ပြည့်ဝသည့်အပြင် ယခင်နှစ်ထက် စပါးတင်း ၆၇သိန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံခြားငွေရရှိရေးအတွက် အရည်အသွေးကောင်းသည့် ဆန်စပါး၊ သား၊ ငါး၊ ပုစွန်များ ပိုမိုတင်ပို့နိုင်ရေးအတွက်လည်း စီမံထားပြီးဖြစ်ကြောင်း၊ အလားတူ ဆားထုတ်လုပ်မှုတွင်လည်း အကြီးအကဲ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်း ဒေသကြီးဖွံ့ဖြိုးတိုးတက်အောင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ်ကြီးကို တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာရုံမျှမက သွားလာမှု လွယ်ကူချောမွေ့လာခြင်းကြောင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးမှု ပိုမိုတိုးတက် ခိုင်မြဲလာမှာဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ဖွင့်လှစ်ပေးသည့် ပုသိမ် - သလပ်ခွာ - မော်တင်စွန်း လမ်းမကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံ ပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု တိုက်တွန်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က လမ်းဖောက်လုပ်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်ဖြစ်အောင် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ရင်း လုပ်ငန်းလမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ချက်ဖြင့် နေ့မအား ညမနား အရှိန်အဟုန်ဖြင့် ယနေ့တိုင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု လွယ်ကူ ချောမွေ့စေရေးဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်ဆံသွားလာမှုလွယ်ကူမှသာ တိုင်းရင်းသား လူမျိုးအသီးသီး၏ လူနေမှု

ကဏ္ဍ အသီးသီးကိုလည်း တိုးတက်ဖွံ့ဖြိုးမှု အသီးအပွင့်များ ဖြစ်ပေါ်အောင် နိုင်ငံတော်အပိုင်းက မနားမနေ ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူအားလုံး ကိုယ်စီ အကျိုးစီးပွား ဖြစ်ထွန်းမြင့်မား တိုးတက်မှုကိုပါ ခံစားရရှိလာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအလိုက် ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လူမှုစီးပွားရေးသာမက ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်မားလာစေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်း ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားမှု

များ မျှော်မှန်းလျာထားပေးထားသည့် ဆားတန်ချိန် သုံးသိန်းထုတ်လုပ်ရေးကိုလည်း ယခုနှစ် ဆားရာသီတွင် ထုတ်လုပ်နိုင်ပြီဖြစ်၍ တိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိလာပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အားနှင့်မာန်နှင့် ကြိုးပမ်းခဲ့ကြသဖြင့် ဧရာဝတီတိုင်း၏ ၂၀၀၉-၂၀၁၀ခုနှစ် အသားတင်ထုတ်လုပ်မှုတန်ဖိုးအနေဖြင့် လျာထားချက်အပေါ် ၁၀၀ဒသမ ၄ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခင်နှစ်ထက် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းနှင့် ၂၀၁၀ - ၂၀၁၁ ခုနှစ် လျာထားချက်များကိုလည်း ယခင်နှစ်ကဲ့သို့ပင် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း ပြောကြားလိုပါကြောင်း။

မနားမနေကြိုးပမ်း

နိုင်ငံတော်၏လမ်းပန်းဆက်သွယ်မှုအပိုင်းကိုသာမက စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ဘဝနှင့် အသိပညာ အဆင့်အတန်း တိုးတက် မြင့်မားလာမှာ ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးအချင်းချင်းထိတွေ့ဆက်ဆံမှုများလည်း ပိုမိုများပြားလာပြီး ရင်းနှီးချစ်ခင်နားလည်မှုများ ပိုပြီးရရှိလာမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကားလမ်း၊ ရထားလမ်းများကို ဖောက်လုပ်ပေးသကဲ့သို့ လိုအပ်သော မြစ်ကူး၊ ချောင်းကူးတံတားများကိုလည်း တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

နှင့် သက်သာချောင်ချိမှု ရရှိစေမည့် ဆက်စပ် ကဏ္ဍစုံ တိုးတက်လာရေးကိုလည်း ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းရာတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အလေးထား ဆောင်ရွက်နေပြီး အကျိုးရလဒ်အဖြစ် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ကားလမ်းသစ်ကြီးများ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ကားလမ်းမိုင်ပေါင်း ခုနစ်သောင်းကျော်အထိ ရှိလာနေပြီ ဖြစ်ကြောင်း။

အကြီးမားဆုံး စီးပွားရေးဇုန်

ဧရာဝတီတိုင်းသည် မြစ်ချောင်းထူထပ်သည့်ဒေသဖြစ်၍ ပြည်နယ်/တိုင်းအားလုံးထဲတွင် တံတားအများဆုံး တည်ဆောက်ပေးခဲ့ရသည့် တိုင်းလည်း ဖြစ်ကြောင်း၊ အလားတူ လမ်းဆိုလျှင်လည်း ''နာဂစ်''မတိုင်မီက လမ်းမိုင်ပေါင်း ၁၃၄၄ မိုင် ၅ ဖာလုံ သာရှိခဲ့ပြီး နာဂစ်အပြီးတွင် ၂၂၅ မိုင် ၄ ဖာလုံ ဆက်လက် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယခုအခါ ဧရာဝတီတိုင်းတွင် လမ်းမိုင် စုစုပေါင်း ၁၅၇၀မိုင် ၁ ဖာလုံအထိ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့ ... တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ် ...

နိုင်ငံေ ...

ရေရှည်တည်တံ့ ...

အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဟာ တစ်သားတည်းဖြစ်နေပြီး မြန်မာပြည်၏ အကြီးမားဆုံးစီးပွားရေးဇုန်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် စီမံစိုင်းပြင်း လုပ်ဆောင်နေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဧရာဝတီတိုင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် အခြေခံ အဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးနေခြင်းကြောင့် ဧရာဝတီတိုင်းအတွင်းက မြို့နယ်တော်တော်များများသည် မြန်မြန်ဆန်ဆန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဒေသခံပြည်သူ ဦးစော လယ်ထူးတို့ ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က အလေးထားဖောက်လုပ်ပေးခဲ့သည့် ဤလမ်းမကြီး စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး ထိန်းသိမ်းစောင့်ရှောက်



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

နှင့် သက်သာချောင်ချိမှု ရရှိစေမည့် ဆက်စပ် ကဏ္ဍစုံ တိုးတက်လာရေးကိုလည်း ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းရာတွင် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို အလေးထား ဆောင်ရွက်နေပြီး အကျိုးရလဒ်အဖြစ် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်ကားလမ်းသစ်ကြီးများ ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ကားလမ်းမိုင်ပေါင်း ခုနစ်သောင်းကျော်အထိ ရှိလာနေပြီ ဖြစ်ကြောင်း။

အကြီးမားဆုံး စီးပွားရေးဇုန်

ဧရာဝတီတိုင်းသည် မြစ်ချောင်းထူထပ်သည့်ဒေသဖြစ်၍ ပြည်နယ်/တိုင်းအားလုံးထဲတွင် တံတားအများဆုံးတည်ဆောက်ပေးခဲ့ရသည့် တိုင်းလည်းဖြစ်ကြောင်း၊ အလားတူ လမ်းဆိုလျှင်လည်း "နာဂစ်"မတိုင်မီက လမ်းမိုင်ပေါင်း ၁၃၄၄ မိုင် ၅ ဖာလုံ သာရှိခဲ့ပြီး နာဂစ်အပြီးတွင် ၂၂၅ မိုင် ၄ ဖာလုံ ဆက်လက် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယခုအခါ ဧရာဝတီတိုင်းတွင် လမ်းမိုင် စုစုပေါင်း ၁၅၇၀မိုင် ၁ ဖာလုံအထိ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဟာ တစ်သားတည်းဖြစ်နေပြီး မြန်မာပြည်၏ အကြီးမားဆုံးစီးပွားရေးဇုန်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် စီမံစိုးပြင်း လုပ်ဆောင်နေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဧရာဝတီတိုင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးနေခြင်းကြောင့် ဧရာဝတီတိုင်းအတွင်းက မြို့နယ်တော်တော်များများသည် မြန်မြန်ဆန်ဆန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

လမ်းသစ်များ

နာဂစ်မုန်တိုင်းအပြီးတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းဝင်လမ်းသစ်ကြီး ၁၀လမ်းကို ဖောက်လုပ်ပေးနေကြောင်း၊ ဤလမ်းများမှာ မအူပင် -ရေလဲကလေး - ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၃ မိုင် ၅ ဖာလုံ၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ၆၉ မိုင် ၃ ဖာလုံ၊ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်း ၃၅မိုင် ၂ဖာလုံ၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၉ မိုင်၊ ဘိုကလေး - ကြိမ်ချောင်း - ကဒုံကနီလမ်း ၄၁မိုင် ၂ဖာလုံ၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၈ မိုင် ၅ဖာလုံ၊ ဖျာပုံ-ကျုံကဒွန်း-ဒေါင်ငြိမ်း-အမာလမ်း ၅၁မိုင် ၅ဖာလုံ၊ ကျုံကဒွန်း-စက်ဆန်းလမ်း ၁၉မိုင် ၁ ဖာလုံ၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း ၆၆မိုင်နှင့် ယနေ့ ဖွင့်လှစ်ပေးသော ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆မိုင်တို့ပင်ဖြစ်ကြောင်း၊ စီမံကိန်းဝင်လမ်းသစ် ၁၀လမ်း၏ စုစုပေါင်းအရှည်သည် ၄၉၉မိုင် ၇ဖာလုံရှိပြီး မူလလမ်းများ ဆက်စပ်ပေါင်းစည်းခြင်းဖြင့်လည်း ဧရာဝတီတိုင်းတစ်ခုလုံး လွှမ်းခြုံသည့် လမ်းကွန်ရက်များ ဖြစ်ပေါ်လာသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ထို့အပြင် လမ်းကွန်ရက် ၁၀လမ်းအပေါ်တွင် တံတားကြီး/ငယ် ပေါင်း၅၀၂စင်းကိုလည်း တည်ဆောက်ပေးသွားမှာ ဖြစ်ကြောင်း၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသည် တစ်ကြောင်းထိုး လမ်းအဖြစ်သာ ရှိခဲ့ပြီး ယခင်က နွေရာသီမှလွဲ၍ ကားမောင်းမရသောလမ်းဖြစ်ခဲ့ကြောင်း၊ ယခုအခါတွင် ရာသီမရွေးသွားလာနိုင်ပြီး ကတ္တရာလမ်းအဖြစ် ပေါ်ထွန်းလာပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း ကတ္တရာလမ်း ၆၅၅ မိုင် ၇ ဖာလုံ၊ ခွဲကျောက်လမ်း ၃၈၉ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၁၈၃ မိုင် ၂ ဖာလုံနှင့် မြေလမ်း ၃၄၁မိုင် ၇ဖာလုံ စုစုပေါင်း လမ်းအရှည် ၁၅၇၀မိုင် ၁ဖာလုံအထိ ဖောက်လုပ်ပြီးစီးပြီ ဖြစ်ကြောင်း၊ ဆက်လက်ပြီး လမ်းသစ်များကိုလည်း အမြန်ပြီးစီးအောင် ဖောက်လုပ်နေဆဲဖြစ်ကြောင်း။

၂၀၀၉ခုနှစ် နိုဝင်ဘာ၃ရက်မှ ၅ရက်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ဧရာဝတီတိုင်းခရီးစဉ်တွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းကို နောင် ဆိုင်ကလုန်းမုန်တိုင်းဒဏ် ကျရောက်ခဲ့လျှင် အသက်ကယ်လမ်းမကြီးအဖြစ် အချိန်တိုအတွင်း တိုက်ရိုက် ထောက်ပံ့ကူညီ ဆောင်ရွက်နိုင်ရန်နှင့် အခိုင်အမာလမ်းမကြီးအဖြစ် ဖောက်လုပ်ရန် လမ်းညွှန်ခဲ့ကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆မိုင်ကို အမြန်ပြီးစီးရေးအတွက် တည်ဆောက်ဖောက်လုပ်ခဲ့ရာတွင်လမ်းလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ ၁၅ ဖွဲ့၊ တံတားတည်ဆောက်ရေး ကုမ္ပဏီနှစ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့ ၂၁ဖွဲ့၊ တံတားတည်ဆောက်ရေးအဖွဲ့ ခြောက်ဖွဲ့တို့ဖြင့် ကတ္တရာခင်းခြင်း၊ တံတားများ တည်ဆောက်ခြင်းနှင့် ကွန်ကရစ်ရေပြွန်များ တည်ဆောက်ခြင်း လုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် အချိန် ငါးလကျော်အတွင်း ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

လမ်းညွှန်မိန့်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားခဲ့ရာတွင်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးမှု၊ တိုင်းပြည်၏ ခေတ်မီမှုကို ရှေးရှုသော စီမံကိန်းများကို မြန်မြန်ထက်ထက် အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားစေလိုကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအားနည်းနေသော ဒေသများ၌ အကောင်အထည်ဖော်မည့် စီမံကိန်းများကို ဖြစ်နိုင်သမျှ မြန်မြန်ပြီးစီးအောင် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း အောင်မြင်အောင် ချိတ်ဆက်အကောင်အထည်ဖော်သွားရန် အရေးကြီးကြောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ထိရောက်အောင်မြင်လျှင် မိမိတို့ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်ကူးလူးဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး အပြန်အလှန်ပူးပေါင်း ထိတွေ့ဆောင်ရွက်မှုများပြားကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်လာမှာဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့ဌာန၏ အဓိကတာဝန်ကြီး (၄)ရပ်ဖြစ်သည့် လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံစသည့် စီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် လမ်းပိုင်းအနေဖြင့် ယခင်က ၁၃၆၃၅/၀ မိုင်သာရှိခဲ့ရာမှ ယခုအခါ ၂၁၃၆၁မိုင် ၂ဖာလုံ ရှိလာပြီဖြစ်၍ ၇၇၂၆မိုင် ၂ဖာလုံ တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း။

ပိုမိုတိုးတက်မြင့်မား

ဧရာဝတီတိုင်းအတွင်း ကွန်ရက်သဖွယ် ဖြန့်ကြက်ထားသည့် လမ်းများမှတစ်ဆင့် မိမိလိုရာခရီးကို အလွယ်ကူဆုံး ရွေးချယ်သွားလာနိုင်တော့မှာဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်းတွင် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀နှင့်အထက် တံတား၃၉စင်းနှင့်ပေ ၁၈၀ အောက်တံတား ၃၁၂စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ယခုလည်း ရာဇူဒိုင် အမှတ်(၁)တံတားနှင့် ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတစ်လမ်းပါ ဧရာဝတီမြစ်ကူး ညောင်တုန်းတံတားကြီးကိုပါ တည်ဆောက်နေကြောင်း၊ ထို့အပြင် ပင်လယ်ပိုင်းဒေသတွင် အရေးပေါ် ခိုလှုံနိုင်ရန် တည်ဆောက်ထားသည့် Cyclone Shelter အလုံး ၂၀ တည်ဆောက်ပြီး ယခု အသစ်ရှစ်လုံးထပ်မံတည်ဆောက်နေပြီဖြစ်၍ အားလုံး ၂၈လုံးရှိလာပြီး အရေးပေါ် သဘာဝဘေးဒဏ်များမှ ကာကွယ်နိုင်တော့မှာဖြစ်ကြောင်း၊ယခုဆိုလျှင် ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့၌ လမ်းသစ်၊ တံတားသစ်များ တိုးတက်တည်ဆောက်ပေးလျက်ရှိသဖြင့် ဧရာဝတီတိုင်းမှ ထွက်ကုန်ပစ္စည်းများ ဒေသအားလုံးသို့ လျင်မြန်စွာ ပို့ဆောင်နိုင်ကြမှာဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရောင်းဝယ်မှုများ ဖွံ့ဖြိုးစည်ပင်မှုနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာတော့မှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ရရှိထားသည့် ရလဒ်ကောင်းများကို အခြေခံ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းအကောင်အထည်ဖော် တည်ဆောက်သွားကြရန်၊ နိုင်ငံတော်က အလေးထားဖောက်လုပ်ပေးခဲ့သည့် ဤလမ်းမကြီး စံချိန်စံညွှန်းမီမီ ရေရှည်တည်တံ့ခိုင်မြဲအောင် သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးသွားကြပြီး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ပုသိမ်မြို့နယ် မဒေါကုန်းကျေးရွာမှ ဦးစောလယ်ထူးက ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသစ်ကို ဖောက်လုပ်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း လမ်းသစ်မုခ်ဦးရှေ့၌ နေရာယူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဒေသခံပြည်သူ ဦးစောလယ်ထူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသည် လမ်းအရှည် ၉၆မိုင်ရှိသည်။ လမ်းအမျိုးအစားမှာ ၁၂ ပေ အကျယ်ရှိ ကတ္တရာလမ်းဖြစ်ပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၄၀ဖြစ်သည်။

လမ်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၀ခုနှစ် မေ ၂ရက်တွင် ပြီးစီးခဲ့ရာ လမ်းဖောက်လုပ်မှုကာလ ငါးလကျော်ဖြင့် အချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ **(သတင်းစဉ်)**

ပင်လယ်ပိုင်းဒေသတွင် အရေးပေါ် ခိုလှုံနိုင်ရန် တည်ဆောက်ထားသည့် Cyclone Shelter အလုံး ၂၀ တည်ဆောက်ပြီး ယခု အသစ် ရှစ်လုံး ထပ်မံတည်ဆောက်နေပြီဖြစ်၍ အားလုံး ၂၈လုံးရှိလာပြီး အရေးပေါ် သဘာဝဘေးဒဏ်များမှ ကာကွယ်နိုင်တော့မှာဖြစ်။

...ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ... ဦးခင်မောင်မြင့်နှင့် ဒေသခံပြည်သူ ဦးစော ... မော်တင်စွန်း ကတ္တရာလမ်းသစ်ကို ဖဲကြိုး ...
(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း အောင်မြင်ပါစေ . . . .

လွန်ခဲ့သော (၆၂) နှစ်တာ ကာလအတွင်း မြတ်စွာဘုရားသခင် ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို အာဂုံဆောင်ရေးဖြေ၊ စစ်ဆေးဖြေဆို အောင်မြင်တော်မူသော တိပိဋကဓရ အာဇာနည် (၁၂)ပါး ပေါ်ထွန်းခဲ့သည်။ တိပိဋကဓရ ဆရာတော် (၁၂)ပါးစလုံးသည် မြန်မာပြည်ဖွား မြန်မာပြည်သားများ ဖြစ်ကြသည်။ (၁၂)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသောသံဃာတော်မှာ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ဇာတိ ခမည်းတော် ဦးတင်ရ၊ မယ်တော် ဒေါ်ညွန့်ခင်တို့မှ မွေးဖွားခဲ့သော အရှင်အာဘိဇာတာဘိဝံသ ဖြစ်သည်။ သက်တော် (၄၂)နှစ်အရွယ်မျှသာ ရှိပါသော်လည်း ဖြေဆိုအောင်မြင်ခဲ့သော ဘွဲ့ပေါင်းမှာ (၄၃)ဘွဲ့ ရရှိခဲ့လေသည်။

ဆရာတော် အရှင်အာဘိဇာတာဘိဝံသသည် ယခုနှစ် တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲ၌ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ပူဇော်ဆက်ကပ်ခြင်းကို ခံယူတော်မူပါသည်။ ဆရာတော်၏ ဉာဏ်ပညာထက်မြက်ထူးချွန်ပုံမှာ အံ့ချီးဖွယ်ရာဖြစ်သည်။ ထို့အပြင် ဆရာတော်၏ ဇာတိရပ်ရွာအပေါ် ချစ်ခင်ချီးမြှောက်ပုံသည်လည်း ကျွန်တော်တို့မြန်မာနိုင်ငံသားများ အတုယူ၊ နည်းယူစရာဖြစ်ပါပေသည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင်အာဘိဇာတာဘိဝံသသည် သက်တော် (၄၀) အရွယ် အထိမ်းအမှတ်ဖြင့် မွေးရပ်ဇာတိ ဝက်လက်မြို့နယ် ဆင်နင်းရွာတွင် ပတ္တမြားရောင်စာကြည့်တိုက်ကို တည်ဆောက်လှူဒါန်းတော်မူခဲ့သည်။ စာအုပ်၊ စာစောင်များ ၄၀၀၀ ကျော် မတည်စုဆောင်းထားလေသည်။ (ယခုအခါ စာအုပ်ပေါင်း ၅၀၀၀ ကျော်နေပါပြီ)။ ၂၀၀၉ ခုနှစ်တွင် စာကြည့်တိုက်မှာ စာဖတ်သူများတိုးပွားလာစေရေးအတွက် ဆရာတော်က မန္တလေးမှ စာရေးဆရာသုံးဦးကို ဖိတ်ကြားကာ ဆင်နင်းရွာမှာ ပထမအကြိမ် စာပေဟောပြောပွဲ ကျင်းပပေးခဲ့လေသည်။ ရပ်သူ ရွာသားများကို စာပေ၏တန်ဖိုး စာပေ၏ ကျေးဇူးကို သိမြင်သဘောပေါက်အောင် ဆွဲဆောင်လှုံ့ဆော်ခြင်းပဲဖြစ်၏။ စာကြည့်တိုက်ကို ဆောက်ပေးထားပြီး စာဖတ်သူမရှိပါက အကျိုးမထူးခြားနိုင်။ စာပေဟောပြောပွဲ နားထောင်ရခြင်းအားဖြင့် ရွာသူ ရွာသား အထူးသဖြင့် လူငယ်များစာအုပ်စာပေ ဖတ်ရကောင်းမှန်း ပို၍သိလာသည်။

၂၀၁၀ ခုနှစ်တွင် စာဖတ်သူတိုးပွားရေးအတွက် စာပေဟောပြောပွဲ ဒုတိယအကြိမ် ကျင်းပပြန်သည်။ ရန်ကုန်မှ စာရေးဆရာသုံးဦး ဖိတ်ကြားခဲ့သည်။ ဆရာသူရဇော်၊ ဆရာနွမ်ဂျာသိုင်းနှင့် မိမိတို့ရှင်ပြု အလှူပွဲမဏ္ဍပ်ထဲမှာ စာပေဟောပြောပွဲအနေနှင့် ဟောပြောကြသည်။ စစ်ကိုင်းမှ ဆရာမျိုးသူရ(စစ်ကိုင်း) ပါတက်ရောက်၍ ဟောပြောသည်။ ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောခဲ့သည်။

စာပေဟောပြောပွဲပရိသတ်များ ရယ်စရာကို ရယ်ကြ၊ မှတ်သားစရာကို မှတ်သားကြ၊ တွေးစရာကိုတွေးကြ၊ မည်သို့ပင်ဖြစ်စေ စာဖတ်ချင်စိတ် တိုးပွားအောင် လှုံ့ဆော်စည်းရုံးနိုင်ခဲ့၏။ ဆင်နင်းရွာ "ပတ္တမြားရောင် စာကြည့်တိုက်"သည် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာပင် တိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင်အာဘိဇာတာဘိဝံသ၏ ထူထောင်လှူဒါန်းမှုကြောင့် လျင်မြန်စွာ ရှင်သန်နေပြီဖြစ်ကြောင်း တွေ့ခဲ့ရသည်။ ကုသိုလ်ထူးသော ရွာ။

မုံရွာခရိုင် အရာတော်မြို့နယ် မလဲသာကျေးရွာဆိုလျှင် နှစ်ထပ်တိုက် စာကြည့်တိုက်ကို ရွာသူရွာသား စုပေါင်းအားဖြင့် ခမ်းခမ်းနားနား တည်ဆောက်ခဲ့ကြ၏။ စာပေဟောပြောပွဲ(၁၁)ကြိမ်လောက် ကျင်းပခဲ့၏။ ရွာသူ ရွာသားများ၏ ဗဟုသုတအဆင့်အတန်းနှင့် စာဖတ်အားမှာလည်း အထူးပင် ချီးကျူးလေးစားစရာဖြစ်ပါ၏။ စာပေ၏ စွမ်းအား၊ စာပေ၏တန်ဖိုးကို ကောင်းစွာနားလည်ကြသဖြင့် ရပ်ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ရောင်းဝယ်ရေးစသည်တို့ သိသိသာသာ ဖွံ့ဖြိုးတိုးတက်ခဲ့ကြသည်။ စာဖတ်သူများအချင်းချင်း စာအုပ်ဝေဖန်သုံးသပ် ဆွေးနွေးခြင်းကို အပတ်စဉ်

ချစ်နိုင် (စိတ်ပညာ)

လုပ်ကြသည်။ အသိအမြင်ဖလှယ်ခြင်းဖြင့် စာဖတ်အား၊ စာဖတ်ရှိန်လည်း ပိုကောင်းလာကြသည်။ မိမိရောက်ဖူးသည်။

ပြည်သူ့အတွက် ပြည်သူတွေကိုယ်တိုင် ပါဝင်လှုပ်ရှားရသော ဒီမိုကရေစီစနစ်တွင် ပြည်သူအများ၏ ဉာဏ်ရည် ဉာဏ်သွေးနှင့် အတွေးအခေါ် မြင့်မားကြဖို့ လိုပေသည်။ ပြည်သူတွေက အမှန်အမှား အကောင်းအဆိုး၊ အကျိုးအပြစ်၊ ဝေဖန်ခွဲခြားရွေးချယ်တတ်ရမည်။ နည်းသစ် လမ်းသစ်ကြံဆဖန်တီး နိုင်ကြရပေမည်။ ဤသို့ ပြည်သူအများ အရည်အသွေးမြင့်မားရေးအတွက် အသိပညာဗဟုသုတရှာဖွေဆည်းပူးခွင့် ဖန်တီးပေးရန် လိုအပ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ခိုင်မာရှင်သန်အောင် ဖြည့်ဆည်းအားပေးခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် များစွာအထောက်အကူ ဖြစ်ပါလိမ့်မည်။

မြန်မာ့လူ့ဘောင်အား အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ပြုပြင်အားဖြည့်ကြရမည်။ ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ထွန်းကားခြင်းအားဖြင့် အောက်ပါကောင်းကျိုးများ ရရှိလာကြပေလိမ့်မည်-

(၁) ကျေးလက်နေ လူကြီးလူငယ်အားလုံး အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်ခြင်း၊

(၂) စာပေဖတ်ရှုလေ့လာခြင်းဖြင့်အသိပညာဗဟုသုတတိုးပွားလာခြင်း၊

(၃) အသိအမြင်၊ အတွေးအခေါ်ရှိလာသည်နှင့်အမျှ အမှန်အမှား အကောင်းအဆိုး ပိုမိုခွဲခြားတတ်ခြင်း၊ ဘဝတန်ဖိုးမြှင့်နိုင်ခြင်း၊

(၄) အခြေအနေ အချိန်အခါကို အကျိုးရှိစွာအသုံးချနိုင်၊ ဖန်တီးနိုင်ခြင်း၊

(၅) စိတ်နေစိတ်ထားယဉ်ကျေးသိမ်မွေ့ကာ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်း၊

(၆) နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် အကျိုးပြုနိုင်စွမ်းသော သားကောင်း သမီးကောင်းများ တိုးပွားပေါ်ထွန်းလာစေခြင်း။

နှစ်ဆယ်ရာစုအတွင်းက စာဖတ်ခြင်းကြောင့် ဂျပန်လူမျိုးတို့သည် နှစ်ပေါင်း(၆၀)အတွင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ စာဖတ်ခြင်းကြောင့် စင်ကာပူနိုင်ငံသားတို့သည် လူနေမှုဘဝမြင့်မားပြီး စီးပွားရေးဖွံ့ဖြိုးလာခဲ့သည်။ သယံဇာတပစ္စည်း အလွန်တရာခေါင်းပါး ရှားပါးသော တိုင်းပြည်များဖြစ်ကြပါလျက်နှင့် လူသားတို့၏ အသိဉာဏ်အင်အား၊ အတွေးအခေါ်အင်အား၊ ပညာစွမ်းအားတို့ကို စာနယ်ဇင်းပေါင်းများစွာနှင့် ဘာသာရပ်ဆိုင်ရာ စာအုပ်စာပေပေါင်းများစွာမှတစ်ဆင့် မြှင့်တင်ပျိုးထောင်ခဲ့ကြသည်။ လူသာပဓာနဟု ခံယူကြသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကို အလေးပေးကြသည်။

စင်ကာပူရှိ မြို့နယ်အဆင့် အခမဲ့စာကြည့်တိုက်များ၏ ကြီးမားခမ်းနားမှုမှာ အံ့သြစရာကောင်းလေသည်။ ကလေးလူကြီး အရွယ်အမျိုးမျိုး ဖတ်စရာစာအုပ်တွေ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ စသည်တို့ဖြင့် ပြည့်စုံပုံမှာလည်း အံ့အားသင့်လောက်စရာ ဖြစ်ပေသည်။ အခမဲ့လာရောက်ငှားရမ်း ဖတ်ကြသူများသည်လည်း တစ်နေ့ တစ်နေ့ ထောင်ပေါင်းများစွာရှိလေသည်။ စာအုပ်များကို ကွန်ပျူတာစနစ်နှင့် ထိန်းသိမ်းသည်။ မိမိရောက်ဖူးသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် အလိုအလျောက် ဘုံပေါက်ပြီး ချမ်းသာကြသည် မဟုတ်ပေ။ လူတွေ အသိပညာဗဟုသုတ ပြည့်စုံအောင် မြှင့်တင်ပျိုးထောင်ယူရသည်။ လူတွေ၏ စဉ်းစားတွေးခေါ်ပုံ ကောင်းမွန်စနစ်ကျလာသည်နှင့်အမျှ လုပ်ဆောင်ရည်က ထူးခြားစွာ တိုးတက်လာရသည်။

ခေတ်နောက်ကျခြင်း၏ အကြောင်းရင်းဇာစ်မြစ်သည် "မောဟ"ခေါ် မသိမှု၊ နားမလည်မှု၊ မမြော်မြင်တတ်မှု၊ နားမလည်နိုင်မှု၊ ညံ့ဖျင်းနုံချာနေမှုတို့ကြောင့် အမှန်ပင်ဖြစ်၏။ မသိတာကို သိအောင်၊ မမြင်သေးတာတွေ မြင်လာအောင် အမြဲတစေ သင်ယူဆည်းပူးနေသော လူ့အဖွဲ့အစည်း ဖြစ်ရပေလိမ့်မည်။ ဂျပန်၊ ကိုရီးယား၊ စင်ကာပူတို့ ဘာရေနံ၊ ဘာကျောက်မျက်၊ ဘာဆန်မှ မတင်ပို့နိုင်၊ မထုတ်လုပ်နိုင်ပါဘဲလျက် ချမ်းသာနေကြသည်။

လူတွေက အချိန်ကို အလကားမထား၊ သုတ်သုတ်သွက်သွက် သူ့ထက်ငါ အပြိုင်အဆိုင် ကြိုးစားအားထုတ်ခဲ့ကြသည်။ စာဖတ်ကြသည်။ ကားပေါ်မှာလည်းဖတ်၊ ရထားပေါ်မှာလည်းဖတ်၊ လေယာဉ်ပျံစီးရင်းလည်း စာအုပ်၊ ဂျာနယ်၊ စာစောင်တစ်ခုခုကို မပြတ်တမ်းဖတ်နေတတ်သည်။ သြော်- စာဖတ်သောလူမျိုးက တိုးတက်ကြတာပဲ။ ပညာကို ကြိုးစား၍ ရှာဖွေတာကိုး။ စာမဖတ်သော လူမျိုးတို့ကား ခေတ်မမီနိုင်။

မြန်မာပြည်သူများ စာဖတ်အောင်မှာ ဖတ်စရာစာအုပ်တွေရှိနေအောင် ဖြည့်စွမ်းရပေမည်။ စာဖတ်စရာ စာဖတ်ခန်းနေရာရှိအောင် ဖန်တီးပေးရပေမည်။ အထူးသဖြင့် ကျေးလက်တောရွာများမှာ လိုအပ်နေသည်။ ယင်းကို "ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း" ဖွဲ့စည်းထူထောင်ပြီး ကူညီဖြည့်စွမ်းပေးနိုင်ပေတော့မည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးအင်မတန်ရှိသော ရေရှည်လုပ်ငန်းကြီးဖြစ်၏။ သာဓုခေါ်ပါ၏။

(၁) စာအုပ်စာစောင်တွေ ပေးပို့ထောက်ပံ့မည်၊

(၂) အဆောက်အအုံပရိဘောဂ ထောက်ပံ့မည်၊

(၃) ဟောပြောပွဲ၊ ဆွေးနွေးပွဲ ပညာရပ်ပို့ချမှုနှင့် ပြိုင်ပွဲများစသည်တို့ ပြုလုပ်ပေးမည်၊

(၄) စာကြည့်တိုက်ပညာရပ်ဆိုင်ရာ ပံ့ပိုးကူညီမည်၊

(၅) ရန်ပုံငွေ ပိုမိုတိုးပွားအောင် စီမံဆောင်ရွက်မည်။

သို့ဖြစ်ပါ၍ တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးကို ကူညီအားပေးလိုသူ မည်သူမဆို ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းအပ်ပါသည်။ **"အများညီလျှင် ရွှေလျားစေနိုင်သည်"**ဟူသော ဆိုရိုးစကားနှင့်အညီ စေတနာရှင်အပေါင်းက ပူးပေါင်းပါဝင်ကူညီကြစေလိုပါကြောင်း အနူးအညွတ် ပန်ကြားအပ်ပါသည်။ ။

Myanmar WWW Institute မှ အထူးအိုင်တီသင်တန်းများ ဖွင့်လှစ်

ရန်ကုန် မေ ၁၄

Myanmar WWW Institute ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ အထူးအိုင်တီသင်တန်းများဖြစ်သည့် IT Essentials ၊System Essentials နှင့် Professional Multi~ Designer သင်တန်းများကို မေလအတွင်း စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အခြေခံပညာ အထက်တန်းစာမေးပွဲဖြေဆိုပြီး ကျောင်းသား ကျောင်းသူများ၊ အဆင့်မြင့်အိုင်တီပညာရပ်များကို စတင်လေ့လာလိုသူများ၊ အိုင်တီနည်းပညာများကို လက်တွေ့ကျကျ ပညာရေးအတွက် အကျိုးရှိရှိအသုံးချရန် ရည်ရွယ်သူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့်အသက်မွေးဝမ်းကျောင်းနည်းပညာများအား ဆက်လက်သင်ယူရန်ဆန္ဒရှိသူများ၊ အိုင်တီပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ကြောင်း သိရသည်။

လေ့ကျင့်ပေး

IT Essentials သင်တန်းတွင် Microsoft Window စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ Power Point အသုံးပြုပြီး Presentation များ ပြုလုပ်နည်း၊ Photoshop ဖြင့် Graphic Design များ ဖန်တီးနည်း၊ Web Page ပြုလုပ်နည်း အပြင် Programming အခြေခံကို ပိုင်နိုင်စွာ နားလည်တတ်မြောက်စေရန် C++ ဘာသာဖြင့် လက်တွေ့ပြုလုပ်လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ သင်တန်းချိန်မှာ (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် (စနေနှင့် တနင်္ဂနွေ) တစ်ချိန်တို့ဖြစ်ပြီး မိမိနှင့် အဆင်ပြေမည့် အချိန်ကို ရွေးချယ်တက်ရောက်နိုင်ကာ သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်သည်။

တက်ရောက်သင်ကြား

System Essentials သင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်း ပါဝင်သော စက်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံနှင့် ၄င်းတို့အား ပြုပြင်ထိန်းသိမ်းနည်းများ၊ Windows XP၏ ဆောင်ရွက်ချက်တို့အပြင် System Installation ၊ Trouble Shooting ပြုလုပ်နည်းနှင့် Repair ပြုလုပ်ခြင်း၊ Virus Cleaning နှင့် Data Recovery ပြုလုပ်ခြင်းတို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။ Internet Cafe ဖွင့်ရန် ရည်ရွယ်ထားသူများအတွက် အထူးသင့်လျော်သော သင်တန်းဖြစ်သည်။သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင်နှစ်ရက် (စနေနှင့် တနင်္ဂနွေ) တက်ရောက်သင်ကြားရမည်ဖြစ်သည်။

ဘက်စုံကျွမ်းကျင်သော ဒီဇိုင်နာတစ်ယောက်ဖြစ်လာအောင် စတင်လေ့လာလို သူများအတွက် Professional Multi ~ Designer သင်တန်းကို ရည်ရွယ်ဖွင့်လှစ်ထားသည်။ သင်တန်းချိန်မှာ (အင်္ဂါနှင့် ကြာသပတေး) နံနက် ၉နာရီ ၁၅မိနစ်မှ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်အထိဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်သည်။

စာရင်းပေးသွင်း

သင်တန်းသုံးမျိုးလုံးကို တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေ ၁၅ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများ အနေဖြင့် Myanmar WWW Institute အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၃၂၀၊ ၆၅၂၂၈၈၊ ၅၂၁၁၂၅ တို့သို့ မေ ၂၀ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်း သင်တန်းအပ်နှံနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ သထုံ၌ ကျင်းပ

သထုံ မေ ၁၄

သထုံခရိုင်တွင် (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ရက် နံနက် ၆နာရီခွဲက သထုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင် အား စစ်ရေးပြမှူး ဦးဆောင်သည့် မီးသတ် တပ်ဖွဲ့စစ်ကြောင်းများက အလေးပြုကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် မီးသတ်ဦးစီးဌာန ရုံးချုပ်မှ ပေးပို့သော (၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အလံများ ပေးအပ်ကြပြီး (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင် ကိုးဦးအား ခရိုင်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြကြသည်။ (ခရိုင် ပြန်/ဆက်)

ချိန်ခါမရွေး
သတိပေး
မီးဘေးကင်းဝေးမှာ

မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကြီးမှူး နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းဆင်း

ရန်ကုန် မေ ၁၄

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော နွေရာသီ အင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၉ရက် နံနက် ၉နာရီက အလက(၅) ကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းသိန်း(မျိုးမင်းသိန်း- ရွှေမြို့င်)က ဆောင်ရွက်ပြီး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် စေတနာမေတ္တာဖြင့် ကူညီသင်ကြားပေးသော သင်တန်းနည်းပြ ဆရာမကြီး ကမ္ဘာလှည့်-တင်တင်စိန်နှင့် ဆရာဦးကံကြည်(ကြည်ဝင်းထွေး)တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်း၊ ထူးချွန်သင်တန်းသား သင်တန်းသူငါးဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် သင်တန်းကာလ ပြီးဆုံးတိုင် သင်ကြားခဲ့ကြသော သင်တန်းသား သင်တန်းသူ ၈၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

ပြန်လည်ပြောကြား

ဆက်လက်၍ သင်တန်းသားသင်တန်းသူများကိုယ်စား မရမ်းကုန်းမြို့နယ် အလက (၅)ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ (၁၁၁)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

ကီဗင်ဒွိုင်လီ ဝူဗာဟမ်တန်မှ ထွက်ခွာမည်မဟုတ်

အာဆင်နယ်အသင်းက ပေါင် ၁၀သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေသော ဝူဗာဟမ်တန်အသင်းတိုက်စစ်မှူး ကီဗင်ဒွိုင်လီသည် လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ယင်းအသင်းက အခိုင်အမာ ပြောကြားသည်။

ဝင်းဂါး၏ပစ်မှတ် ပါလာမိုမှ ဆိုင်မွန်ကေဂျာ ဖြစ်လာဖွယ်

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် သောမတ်စ်ဗာမေလန်နှင့် တွဲဖက်ကစားရန် ဗဟိုခံစစ်မှူးသစ် ရှာဖွေလျက်ရှိရာ အသက် ၂၁နှစ်အရွယ်ရှိ ပါလာမိုခံစစ်မှူး ဆိုင်မွန်ကေဂျာသည် ၎င်း၏ ပစ်မှတ်ဖြစ်လာဖွယ်ရှိကြောင်း ဖော်ပြသည်။

ဝုဖ်ဘတ်ဂ်သို့ စတိဗ်မက္ကလာရင် ပြောင်းရွှေ့ဖွယ်

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဟောင်း စတိဗ်မက္ကလာရင်သည် နယ်သာလန်အသင်း အက်ဖ်စီတွမ်တီးအား နယ်သာလန်လိဂ်ဖလားရအောင် စွမ်းဆောင်ပေးခဲ့ပြီးနောက် ဘွန်ဒက်စ်လီဂါအသင်း ဝုဖ်ဘတ်ဂ်သို့ ပြောင်းရွှေ့ ကိုင်တွယ်ဖွယ်ရှိသည်။

ပို့စ်မောက်တွင်သာ ဆက်ကစားမည်ဟု ဖင်နန်ကတိပြု

ပို့စ်မောက်အသင်းသည် ပရီမီယာလိဂ်မှ တန်းဆင်းကာ လာမည့်ရာသီ၌ ချန်ပီယံ ရှစ်တွင် ကစားရလင့်ကစား အသင်းတွင်သာ ဆက်ကစားမည်ဖြစ်ကြောင်း ခံစစ်မှူး စတိဗ်ဖင်နန်က ကတိပြုပြောကြားသည်။

ရီဒယ်လီဂါနှင့် အင်န်ဇော့ဂ်ဘီယာတို့ ဝီဂန်၌ ဆက်ကစားသင့်

ဝီဂန်တိုက်စစ်မှူး နှစ်ဦးဖြစ်သည့် ဟူဂိုရီဒယ်လီဂါနှင့် ချားလ်စ်အင်န်ဇော့ဂ် ဘီယာတို့သည် ဘောလုံးသမားဘဝ တိုးတက်လိုကြပါက ဝီဂန်အသင်း၌သာ ဆက်ကစားသင့်သည်ဟု ယုံကြည်ကြောင်း ဝီဂန်နည်းပြ ရောဘတ်တိုမာတီနက်ဇ် က ပြောကြားသည်။

လာမည့်ရာသီ၌ အင်တာ၌ဆက်ရှိရန် မသေချာဟု မော်ရင်ဟို ဖွင့်ဟ

အင်တာမီလန်နည်းပြ ဂျို့စ်မော်ရင်ဟိုသည် လာမည့်ဘောလုံးရာသီတွင် အင်တာမီလန်၌ ရှိနေမည်ဟု အတိအကျ ပြောကြားရန် ငြင်းဆန်ခဲ့ကြောင်း၊ ၎င်းအနေဖြင့် အတိအကျ မပြောနိုင်ကြောင်း၊ ဘောလုံးလောကတွင် အကြောင်း အရာတစ်ခုကို ယင်းကဲ့သို့ မည်သည့်အခါမျှ အတိအကျပြော၍ မရနိုင်ကြောင်း ပြောကြားခဲ့သည်။

ပါတိုနှင့် ဆီလ်ဗာအားခေါ်ယူရန် ချယ်လ်ဆီး စီစဉ်

ချယ်လ်ဆီးအသင်းသည် ယခုနွေရာသီတွင် အေစီမီလန်ကစားသမား နှစ်ဦး ဖြစ်သည့် ပါတိုနှင့် သီယာဂိုဆီလ်ဗာတို့အား ပြောင်းရွှေ့ကြေးယူရို သန်း ၈၀ဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း အီတလီမီဒီယာများက ဖော်ပြသည်။

ကမ္ဘာ့ဖလား၌ နစ္စတယ်ရိုင်းအား ချန်လှပ်ထားရေး မသေချာ

ဘွန်ဒက်စ်လီဂါမှ ဟမ်းဘတ်ဂ်တိုက်စစ်မှူး ရူဗန်နစ္စတယ်ရိုင်းအား ကမ္ဘာ့ ဖလားပြိုင်ပွဲဝင်မည့် လေ့ကျင့်ကွင်းဆင်းနေသော ပဏာမလက်ရွေးစင်အသင်းတွင် ချန်လှပ်ထားခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းတွင် ချန်လှပ်ထားခဲ့ရေးမှာ မသေချာသေးကြောင်း နယ်သာလန်လက်ရွေးစင်အသင်းနည်းပြ ဘာ့တ်ဗန်မာဝစ်ခ်က ဖွင့်ဟခဲ့သည်။

ဘင်နီတက်ဇ်အား ခေါ်ယူရန်စီစဉ်မှု ဂျူဗင်းတပ်စ် ဖျက်သိမ်း

ဂျူဗင်းတပ်စ်အသင်းသည် လီဗာပူးအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်အား ခေါ်ယူရေးအတွက် လီဗာပူးအသင်းကို လျော်ကြေးပေးရန် စီစဉ်ထားမှုအား ဖျက်သိမ်းခဲ့ကြောင်း၊ ယခုအခါ ၎င်းအသင်းသည် မန်စီးတီးနည်းပြ ရောဘတ်တို မန်စီနီအပါအဝင် အခြားနည်းပြများကို ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

မက်ဒရစ်အိုးပင်းပြိုင်ပွဲ၌ ဗာရေး ကွာတားဖိုင်နယ်တက်ရောက်

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကျင်းပလျက်ရှိသော မက်ဒရစ်အိုးပင်းတင်းနစ် ပြိုင်ပွဲ အမျိုးသားပွဲစဉ် တတိယပတ်လည်ပြိုင်ပွဲတွင် ဗြိတိသျှအဆင့်(၁) တင်းနစ် သမား အန်ဒီမာရေးသည် ကမ္ဘာ့အဆင့် (၃၈)ရှိ ရိုမေးနီးယားတင်းနစ်သမား ဗစ်တာ ဟာနက်စကူအား ၆-၂၊ ၆-၁ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက် နိုင်ခဲ့သည်။

ရှုံးပွဲမရှိစံချိန် လက်ဝှေ့ကျော် ရစ်ကီအိုဝင် ဆက်ထိန်းမည်

ဆွန်ဆီးမြို့သား စူပါဘင်တန်ဝိတ်တန်း လက်ဝှေ့သမား ရစ်ကီအိုဝင်သည် လာမည့် ဆုကြေးစားလက်ဝှေ့ပွဲစဉ်တွင် ၎င်း၏ ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းထား မည်ဟု ဆိုသည်။ ။

ချယ်လ်ဆီးတို့ ဂိုးပြတ်သွင်း အက်ဖ်အေဖလား ဆွတ်ခူးဦးမှာလား

မောင်မောင်မြင့်ဆွေ - သုံးသပ်ရေးသား၍ မာမာစိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မေ ၁၄

၂၀၀၉-၂၀၁၀ ဘောလုံးရာသီ၏ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ မေ ၁၅ရက် (ယနေ့) ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေဘောလုံးကွင်း၌ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ ပွဲကောင်းတစ်ရပ်ပင်။

ပထမဆုံး

ဝင်ဘလေ ကွင်းသစ်ကြီး တည်ဆောက်ပြီးချိန်မှစတင်ကာ ယခု အက်ဖ်အေဖလား ဘောလုံးပွဲသည် ပထမဆုံးအကြိမ် ဝင်ဘလေကွင်း၌ ကျင်းပသည့်ပွဲဖြစ်သည်။ အက်ဖ်အေဖလားပြိုင်ပွဲ၌ မှတ်တမ်းတင်ရမည့်ပွဲဖြစ်သလို ၂၀၀၉-၂၀၁၀ ဘောလုံးရာသီ၏ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးနှင့် ယခုနှစ်၌ ရှေ့ဆုံးမှနေ၍ တန်းဆင်းသွားရသည့် ပို့စ်မောက်အသင်းတို့ ယှဉ်ပြိုင်ကြမည့်ပွဲဖြစ်ရာ အက်ဖ်အေဖလားသမိုင်း၌ ထူးခြားသည့် ပြိုင်ဘက်များ တွေ့ဆုံသည့် ပွဲအဖြစ် မှတ်တမ်းဝင်မည့် ပွဲလည်းဖြစ်သည်။

စတင်

အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ကစားကြမည့် ချယ်လ်ဆီးနှင့် ပို့စ်မောက်အသင်းတို့၏ ကြိုတင်လေ့ကျင့်မှုအတွက် ဝင်ဘလေကွင်းတွင် မေ ၁၄ရက်က လာရောက်ပြုလုပ်ရန် အက်ဖ်အေက ခွင့်ပြုပေးခဲ့သည်။ ယခင်ပွဲများက ဝင်ဘလေကွင်း၌ လေ့ကျင့်ခွင့် မပြုခဲ့ဘဲ ယခု အက်ဖ်အေ ဗိုလ်လုပွဲမှ စတင်ကာ ခွင့်ပြုခဲ့ခြင်းမှာ ထူးခြားမှု တစ်ခုပင်ဖြစ်သည်။ ထို့အပြင် ပို့စ်မောက်နည်းပြသစ် ဂရန့်မှာ ယခင် ချယ်လ်ဆီး နည်းပြဟောင်းအဖြစ် တာဝန်ယူခဲ့သူဖြစ်ရာ အသင်းဟောင်းနှင့် ဗိုလ်လုပွဲ၌ တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်ဆုံတွေ့ရမည်ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်နေပြန်သည်။

အသင့်အနေအထား

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ) ဥက္ကဋ္ဌ လော့ဒ်ထရေးစ်မင်းက ဘောလုံးကွင်းမြက်ခင်းပြင်ကို အကောင်းဆုံး အနေအထားဖြစ်စေရန် ပြုပြင်ခိုင်းထားသဖြင့် အက်ဖ်အေဖလား ဗိုလ်လုပွဲကစားရန် အသင့်အနေအထားဖြစ်နေပြီ ဖြစ်သည်။ ပေါင်သန်း ၇၅၀ အကုန်အကျခံကာ တည်ဆောက်ထားသည့် ဝင်ဘလေကွင်းသစ်၌ အက်ဖ်အေဖလား ဗိုလ်လုပွဲ ပထမဆုံး ပွဲစဉ်အဖြစ် **(ယနေ့)** ယှဉ်ပြိုင်ကြတော့မည်။

ပြိုင်ဘက်များ

မေ ၁၅ရက်**(ယနေ့)** ယှဉ်ပြိုင်ကြမည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် ပရီမီယာ လိဂ်ဖလား ပူပူနွေးနွေးချန်ပီယံ ချယ်လ်ဆီး နှင့် ရှေ့ဆုံးမှ တန်းဆင်းသွားသည့် ပို့စ် မောက်အသင်းတို့ကား ရန်ခုန်ဖွယ်ရာ ပြိုင်ဘက်ကောင်းများ မဟုတ်ပါချေ။ ရာသီကုန်ပွဲစဉ်များ၌ ချယ်လ်ဆီးတို့၏ ခြေစွမ်းကား ကြောက်ခမန်းလိလိ မြင့်တက်လာခဲ့

ပို့စ်မောက်နည်းပြ ဂရန့်။

သည်။ ပြိုင်ဘက်တိုင်းကို ဂိုးပြတ်သွင်းပြီး ဒုတိယနေရာမှ တစ်မှတ်အကွာဖြင့် အမှားစောင့်နေသော မန်ယူကို တစ်ချက်မျှ မျက်နှာသာမပေးခဲ့ချေ။ ပွဲတိုင်း ရသမျှ ဂိုးသွင်းပြီး အောင်ပွဲများ ဆင့်ခဲ့သည်။ ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက် အောင်ပွဲခံခဲ့သည်။ ယခု အက်ဖ်အေကို ဆက်လက်သိမ်းပိုက်ရန် ဟန်ပြင်နေပြီဖြစ်သည်။

ချယ်လ်ဆီး

အောင်စိတ်များ ဆူဝေနေပြီဖြစ်သော ချယ်လ်ဆီးသည် **(ယနေ့)**ပွဲ၌ ဂိုးပြတ်သွင်း

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ။

မည်ဟု ဒရော့ဘာ၊အနယ်ကာနှင့် လမ်းပတ်တို့က ကြုံးဝါးထားသည်။ ချယ်လ်ဆီး ခံစစ်မှူး တယ်ရီ ဒဏ်ရာရရှိ ထားသော ညာခြေမှာ ရာနှုန်းပြည့် ကောင်းမွန်မှု မရှိသေးချေ။ သို့သော် ပထမပွဲထွက် ကစားသမားစာရင်းတွင် ထည့်သွင်းထားပြီး ပါဝင်ကစားမည် ဖြစ်သည်။ ဒဏ်ရာရရှိပြီး ကြံ့ခိုင်မှုမပြည့်ဝသေးသည့် ဘယ်ခံစစ်မှူး အက်ရှ်လေကိုးလည်း **(ယနေ့)** ပွဲ၌ ပါဝင်ကစားမည်ဟု ချယ်လ်ဆီးက သတင်းထုတ်ပြန်ထားသည်။ တစ်ဖန် ဒူးဒဏ်ရာရရှိထားသော အိုင်ဗင်နိုဗစ်မှာ ဒဏ်ရာ မသက်သာသဖြင့် ပါဝင်ကစား နိုင်ဖွယ်မရှိချေ။ သို့သော် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်အချို့၌ ဒဏ်ရာကြောင့် လွဲချော်ခဲ့ရသော ဖရဲယားမှာ ပါဝင်ရန် အသင့်အနေအထားဖြစ်နေကြောင်း ချယ်လ်ဆီးက သတင်းထုတ်ပြန်ထားသည်။

ပို့စ်မောက်

ပရီမီယာလိဂ်၌ ခြေစွမ်းမပြနိုင်သော်လည်း အက်ဖ်အေ၌ နိုင်ပွဲများရအောင် ကစားနိုင်ခဲ့သည့် ပို့စ်မောက်အသင်းကား နည်းပြဂရန့် ရောက်လာပြီးနောက် ရလဒ်များ ပြောင်းလဲလာခဲ့သည်။ ပွဲကျပ်များကို ကျော်ဖြတ်နိုင်ခဲ့သည်။ လက်ရှိအနေအထား၌ ပို့စ်မောက်တွင် အိုဟာရာ ခြေထောက်ကြွက်သား ဒဏ်ရာရရှိနေသော်လည်း ဆေးထိုးပြီး ပါဝင်ကစားမည်ဖြစ်သည်။ နောက်ခံလူ မူလင်မှာလည်း ခြေထောက်ဒဏ်ရာရရှိထားသဖြင့် ပါဝင်ကစားနိုင်ဖွယ် မရှိချေ။ အသက် ၃၉နှစ်ရှိပြီဖြစ်သည့် ဂိုးသမား ဒေးဗစ်ဂျိမ်းမှာ ကြံ့ခိုင်မှုမပြည့်ဝသော်လည်း နည်းပြ ဂရန့်က ပါဝင်ကစားစေမည်ဖြစ်သည်။ ပြီးခဲ့သည့် ပရီမီယာလိဂ်၌ ပို့စ်မောက်တို့ ခုနစ်ပွဲနိုင်၊ ခုနစ်ပွဲသရေဖြစ်ပြီး ၂၄ပွဲ ရှုံးခဲ့သည်။ ခြေစွမ်းနှင့် ပွဲရလဒ်က ချယ်လ်ဆီးကို မယှဉ်နိုင်။ သို့သော် နည်းပြဂရန့်က အသင်းဟောင်း ချယ်လ်ဆီး၏ အားနည်းချက်ကို သိထားသူဖြစ်သည်။

ထို့ကြောင့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးတို့ ပို့စ်မောက်အသင်းကို ဂိုးပြတ်သွင်း အောင်ပွဲခံဦးမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချန်ပီယံခါးပတ် ငါးခုရ ပတ်ကွီုင်အော နောက်ဆုံးလက်ဝှေ့ပြိုင်ပွဲ ထိုးသတ်မည်



လန်ဒန် မေ ၁၄

မိမိအနေဖြင့် လွှတ်တော်အမတ်ရာထူးတာဝန် မထမ်းဆောင်မီ နောက်ဆုံးပြိုင်ပွဲတစ်ရပ် ထိုးသတ်မည်ဖြစ်ကြောင်း ကမ္ဘာ့ချန်ပီယံခါးပတ် ငါးခုရ ဖိလစ်ပိုင် လက်ဝှေ့သမား မန်နီပတ်ကွီုင်အောက ပြောသည်။

ပြောကြား

လာမည့်ပြိုင်ပွဲမှာ နိုဝင်ဘာ ၆ရက် သို့မဟုတ် ၁၃ရက် ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ရှုံးပွဲမရှိ မေဝဲသား သို့မဟုတ် မက္ကဆီကို လက်ဝှေ့သမား မာဂါရီတို တစ်ဦးဦး ဖြစ်လိမ့်မည်ဖြစ်ကြောင်း ပတ်ကွီုင်အော၏ ဘဏ္ဍာရေး အကြံပေး အရာရှိ မိုက်ကယ်ကွန့်ဇ်က ပြောကြားသည်။

(အင်တာနက်)

နာဒယ်နှင့် ဖက်ဒဲယာ မက်ဒရစ်အိုးပင်း ကွာတားဖိုင်နယ် တက်ရောက်

မက်ဒရစ် မေ ၁၄

ရာဖေးလ်နာဒယ်နှင့် ရော်ဂျာဖက်ဒဲယာတို့သည် မက်ဒရစ် အိုးပင်းတင်းနစ် ပြိုင်ပွဲတွင် ပြိုင်ဘက်များကို အသီးသီး အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ကြသည်။ စပိန်နိုင်ငံသား ကမ္ဘာ့နံပါတ်နှစ် ရာဖေးလ်နာဒယ်က အမေရိကန်မှ ဂျွန်အစ်နားကို ၇-၅၊ ၆-၄ဖြင့်နိုင်ပြီး ကွာတားတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဖက်ဒဲယာက ဆွစ်ဇာလန်မှ တစ်နိုင်ငံတည်းသား ဝါရင်းကာအား ၇-၅၊ ၆-၃ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်ပွဲ တက်ရောက်ခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူးဘာဘာတော့ဗ် မန်ယူ၌ ဆက်ကစားမည်

မြင့်မောင်စိုး - စုစည်းရေးသားသည်



လန်ဒန် မေ ၁၄

ယခုနှစ် နွေရာသီတွင် အသင်းမှ ထွက်ခွာလိမ့်မည်ဟူသော ကောလာဟလ သတင်းကို အိုးထရက်ဖို့ဒ်၌သာ ဆက်လက်ကစားသွားမည်ဟု ဖွင့်ဟပြောဆိုခြင်းဖြင့် မန်ယူတိုက်စစ်မှူးဘာဘာတော့ဗ်က ချေပ ပြောဆိုလိုက်သည်။

ဘာဘာတော့ဗ်သည် ၂၀၀၈ခုနှစ်က စပါးမှ မန်ယူသို့ ပြောင်းရွှေ့ကြေးပေါင် ၃၀ဒသမ ၇၅သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ မန်ယူသို့ ပြောင်းလာခြင်းမှာ ထိပ်ဆုံးရောက်ချင်၍ ပြောင်းရွှေ့ခဲ့ခြင်းသာ ဖြစ်ကြောင်း၊ မန်ယူမှထွက်ခွာရန် ဆန္ဒမရှိကြောင်း ဘူလ်ဂေးရီးယား တိုက်စစ်မှူး ဘာဘာတော့ဗ်က ဆိုသည်။

သွင်းယူ

ဘာဘာတော့ဗ်သည် မန်ယူသို့ ရောက်ရှိခဲ့ပြီးနောက် ပွဲကစားရာတွင် ၂၆ဂိုး သွင်းယူခဲ့သည်။ ၎င်းနှင့်မန်ယူ စာချုပ်မှာ ၂၀၁၂ခုနှစ်အထိဖြစ်သည်။

(အင်တာနက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တိုက် (အက်ဖ်)၊ အခန်း (၃၀၁)၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၁-၅-၂၀၁၀ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းပါတီကအသုံးပြုမည့် အလံနှင့် တံဆိပ်တို့အား ကန့်ကွက်ခြင်းခံရ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် ယင်းအလံနှင့် တံဆိပ်တို့ကို အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့်တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYAN MAR)က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)၏ အလံပုံစံ



၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမြင့်ဆုံးအပူချိန် စံချိန်သစ်များ

နေပြည်တော် မေ ၁၄

၂၀၁၀ခုနှစ် မေ ၁၃ရက် ညနေ ၆နာရီခွဲတွင် အောက်ဖော်ပြပါ စခန်းများ၌ မေလ၏ ၂၄နာရီအတွင်း အမြင့်ဆုံးဖြစ်ပေါ်ခဲ့သော အမြင့်ဆုံးအပူချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

စဉ်	စခန်းအမည်	စံချိန်သစ် ဒီဂရီ စင်တီဂရိတ်	စံချိန်သစ် ဒီဂရီ ဖာရင်ဟိုက်	စံချိန်ဟောင်း ဒီဂရီ စင်တီဂရိတ်	စံချိန်ဟောင်း ဒီဂရီ ဖာရင်ဟိုက်	ယခင်စံချိန် ချိုးခဲ့သည့်နှစ်	စံချိန်ချိုးသည့် နှစ်ပေါင်း
၁	မုံရွာ	၄၅·၈	၁၁၄·၄	၄၅·၇	၁၁၄·၃	၁၂-၅-၂၀၁၀	၄၆
၂	သိမ်ဇရပ်	၄၃·၅	၁၁၀·၃	၄၃·၀	၁၀၉·၄	၇-၅-၁၉၉၈	၄၆

(သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းဖွယ်ရှိ

နေပြည်တော် မေ ၁၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိနှင့် ကျန်ဒေသများတွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ မချမ်းဘောမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၀ ဒသမ ၃၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မေ ၁၅ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မေလ တတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် မွန်းလွဲ၊ ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် (၆၄၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၏ အလံပုံစံ

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၊ မင်္ဂလာရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် (က/၁၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော တအာင်း(ပလောင်) အမျိုးသားပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

တအာင်း(ပလောင်)အမျိုးသားပါတီ၏ အလံပုံစံ



တအာင်း(ပလောင်)အမျိုးသားပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဗာကက်ရှ်အသင်း အကြိုဗိုလ်လုပွဲတက်ရောက်

ရန်ကုန် မေ ၁၄

AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု (ခ)ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့မှာ ဆက်လက်ကျင်းပရာ တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းနဲ့ သီရိလင်္ကာကလပ် ရီနောင်းစပို့စ်အသင်းတို့ အနိုင်ရရှိသွားပါတယ်။

သတင်းမြင်ကွင်း-ဗိုးသော်ဇင်

သုဝဏ္ဏကွင်း

ဗာကက်ရှ် - သုံးဂိုး
နာဂါကော့ဗ် - ဂိုးမရှိ

တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းဟာ သရေကျရင်တောင် အုပ်စုပထမရရှိမှာဖြစ်ပေမယ့် ဂိုးပြတ် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဗာကက်ရှ်အသင်းကတော့ သူတို့ရဲ့ကစားပုံအတိုင်း ခပ်မှန်မှန်သာကစားသွားခဲ့ပါတယ်။ ကမ္ဘောဒီးယားကလပ် နာဂါကော့ဗ်အသင်းဟာ အနိုင်ရရှိရင် မျှော်လင့်ချက်ရှိသေးပေမယ့် ဗာကက်ရှ်အသင်းကို မယှဉ်နိုင်ခဲ့ပါဘူး။ ဗာကက်ရှ်အသင်းဟာ ခြေအသာနဲ့ကစားသွားခဲ့ပြီး ပထမပိုင်း တစ်ဂိုး၊ ဒုတိယပိုင်းမှာ နှစ်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ အနိုင်ဂိုးတွေကို ၄၃မိနစ်မှာ ဆာဒီကော့ဗ်၊ ၆၃မိနစ်မှာ အူစမန်နော့ဗ်နဲ့ ၇၄မိနစ်မှာ ခါမရာကူလော့စ်တို့ကသွင်း ယူခဲ့တာဖြစ်ပါတယ်။

အောင်ဆန်းကွင်း

ရီနောင်းစပို့စ် - နှစ်ဂိုး
KRL - တစ်ဂိုး

ပထမပွဲတွေမှာ ခြေစွမ်းပြခဲ့တဲ့ ပါကစ္စတန် ကလပ် KRL အသင်း မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။ ရီနောင်းစပို့စ်ကတော့ မထင်မှတ်ဘဲနောက်ဆုံးပွဲကျမှ အနိုင်ရခဲ့တာပါ။

အုပ်စု (ခ) ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းဟာ သုံးပွဲကစား၊ သုံးပွဲစလုံးနိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပါတယ်။ လက်ရှိအချိန်အထိ အုပ်စု (ဂ)မှ ရတနာပုံ F.C ၊ အုပ်စု (ခ)မှ ဗာကက်ရှ်အသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပနေသော အုပ်စု (က) ပွဲစဉ်များပြီးလျှင် အုပ်စုပထမတစ်သင်းနဲ့ အကောင်းဆုံးအုပ်စု ဒုတိယနေရာတစ်သင်းတို့ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ မြို့အဝင်လမ်းဆုံတွင် မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ထူးခြားသည့် နေ့အပူချိန်များ

၁၄-၅-၂၀၁၀

မုံရွာမြို့	၄၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၄ ဒသမ ၃ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့်ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၃/၂၀၁၀)

နေပြည်တော်၊ ၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၁၃ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၁၀ခုနှစ်၊ ဩဂုတ်လနှင့်စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်သတ်မှတ် လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များ အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးအထောက်အထားများခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၁၀ခုနှစ်၊ မေ ၁၈ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများ သည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂) နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၀ခုနှစ် မေလ ၁၈ရက်နှင့် ဇွန်လ ၁၇ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ အာမခံစပေါ်ငွေ(Deposit)ပေးသွင်းခြင်း၊ ဒဏ်ကြေးငွေသတ်မှတ်ခြင်း၊ လုပ်ကွက် လျှောက်ထားခွင့်ပိတ်ပင်ခြင်းများကို ယခင်ကြေညာချက်များအတိုင်း သတ်မှတ်ထားရှိပါသည်။

၅။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင်အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင်အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၇၂ခုနှစ် နယုန်လဆန်း ၂ရက်
(၂၀၁၀ခုနှစ်၊ မေလ ၁၄ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီသည် ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင်ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၁၀ခုနှစ် မေလ ၃ရက်မှ ဇွန်လ ၄ရက်အတွင်း စစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၀ခုနှစ် ဇွန်/ဇူလိုင် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်မြို့)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်မြို့)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင်အခြေပြုသည့် ကျောက်စိမ်း/ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

အထူးရောင်းချပွဲပြပွဲဗဟိုကော်မတီ။

ရက်မြတ်မင်္ဂလာ ဆုတောင်းလွှာ

ဖေဖေ ဦးဇော်ဝင်းမောင်[ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စက်မှု(၁)]နှင့် မေမေ ဒေါ်မြင့်မြင့်အေးတို့၏ ၁၅-၅-၂၀၁၀ ရက်တွင် ကျရောက်သည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘဝလမ်းတစ်လျှောက် သမီးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် —

သမီးကြီး - မမြတ်သရဏီမောင်
သမီးငယ် - မဧကရီမင်းမြတ်။



သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်စွာမြင့် ၁၁/သတန(နိုင်)၀၆၂၁၉၄ သည် မိဘများဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၇-၅-၂၀၁၀ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် ကျွန်တော် ကျွန်မတို့နှင့် လုံးဝမသက်ဆိုင်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြင့်မောင် ၁၁/သတန(နိုင်)၀၀၅၂၈၈
ဒေါ်ခင်ထွေး ၁၁/သတန(နိုင်)၀၁၁၂၀၇။

အင်တာနက်လိုင်းရောင်းမည်

Broadband Internet(Bagan) လိုင်းတစ်လိုင်းအမြန်ဆုံးရောင်းမည်။ ငွေကျပ် ၁၂၅၀၀၀၀။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၀-၃၄၈၆၃၊ ၀၉-၅၀-၃၂၄၈၈၊ ၀၉-၅၀-၆၄၇၅၂။

အမြန်ဆက်သွယ်ပါ

မောင်ချမ်းအေး(ခ) ရှောက်တီ (ခ) ချမ်းကြီး(အထက-၁၊ ဒဂုံ)၏ ဖခင် နာရေးရှိ၍ အမြန်ဆက်သွယ်ပါ။

ကိုခွန်ချို
ဖုန်း-၀၉-၅၅-၅၆၉၆၉၊ ၀၉-၅၀-၉၆၉၆၉။

တစ်ဦးတည်းဖြစ်ပါကြောင်း

အင်းစိန်၊ တောင်သူကုန်းရပ်ကွက်၊ နိဗ္ဗာန်လမ်းမကြီး၊ အမှတ် ၁၉၇၅နေ ဦးစိုးညွန့်၏သမီး မပြပန်းခိုင်(ခ) မဝင်းမေအောင် ၁၂/အစန(နိုင်) ၀၀၅၉၈၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဖားကန့်မြို့ မရိုကထောင် အမက (မူလွန်)ပဥ္စမတန်း(A)မှ မမွန်းဂျာနှင့် စတုတ္ထတန်း(A)မှ မ Sဂါရီတို့၏ဖခင်အမည်မှန်မှာ ဦးအက်(စ်)ဘရန်နန် ၁၃/လရန(နိုင်) ၁၀၁၆၂၀ ဖြစ်ပါကြောင်း။ **ဦးအက်(စ်)ဘရန်နန်။**

အမြန်ရောင်းမည်

လက်ရှိအသုံးပြုနေသော

(1) Machine	S.y-two Side Plainer (နှစ်ဖက်ချောစက်)
model	2000
Type	sy-610
Size	24"X 12"

(2) Band Saw 36" နှင့် မြင်းကောင်ရေ ၄၀အား မော်တာ။

ဖုန်း-၀၉-၉၉-၇၀၈၃၂၊ ၀၁-၇၃၀၁၈၇၄၂။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မအေးအေးဝင်း (ခ)ရမ်းဖန်းကီသည် မိဘများအား စိတ်ဆင်းရဲအရှက်ရအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းခြင်းသည်းခံပါ။)**

ဒေါ်မိုး(ဇလေခါ)DBN. ၀၀၇၈၃၆
အမှတ် ၄၄၈၊ သဇင်နွယ်လမ်း၊ နွယ်အေး၊ ဒေါပုံမြို့နယ်။

အမည်ပြောင်း

အဖဦးသိန်းထူး၏သား အင်းစိန်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အလက(၁၂) အဋ္ဌမတန်း(က)မှ မောင်ထွန်းကျော်လင်းအား ယနေ့မှစ၍ မောင်ဇွဲညီညီထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇွဲညီညီထက်။**

မိဘအမည်မှန်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထက(၃)အဋ္ဌမတန်း(L)မှ မမိုးဇက်အေးနှင့် အမက(၁၈) တတိယတန်း(C)မှ မနှင်းသက်အေးတို့၏ မိဘအမည်မှန်မှာ ဦးခင်ဟန်-ဒေါ်ကေသီဦး ဖြစ်ပါသည်။

မူးယစ်ကင်းစင် အလှဆင်

ယူအေအီးနိုင်ငံ
စားသောက်ဆိုင်အတွက် အလိုရှိသည်

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော အာဘာဖီးကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယူအေအီးနိုင်ငံ ဟိုက်ပါမားကက်တွင် အလုပ်လုပ်ရန် အောက်ပါအတိုင်းအလိုရှိသည်-

Waiters	-	လစာနှုန်း	-	Dhs 1200
Sales	-	လစာနှုန်း	-	Dhs 1200
Commis	-	လစာနှုန်း	-	Dhs 1200

- အင်တာဗျူး မေလ ၂၅ရက်ခန့်မှန်း
- ဝန်ဆောင်စရိတ် ဒေါ်လာ ၁၀၀၀နှင့်ညီမျှသော ကျပ်ငွေ
- အမြန်စာရင်းပေးသွင်းပါရန်

အသေးစိတ်သိလိုပါက - ဦးစိန်ဖေ၊ အာဘာဖီးကုမ္ပဏီ(လိုင်စင်-၀၁၅/၂၀၀၀)၊ အမှတ် ၁၄၇၊ လမ်း ၅၀(အထက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၁၃၂၅၊ ၂၀၁၃၅၄၊ ၂၉၄၆၂၈၊ ၀၉-၈၀-၂၃၄၆၃၊ ၀၉-၅၁-၉၃၄၅၉။





ရွှေဘိုမြို့ မဟာနန္ဒာကန်တော်မှ မြို့ရေပေးရေး ပိုက်လိုင်းများနှင့် ရေဆိုးထုတ်မြောင်း ဆောင်ရွက်နေမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လူမှုဒဏ်
ဝေးလိုက
စဉ်ပမီးဘေး
ကာကွယ်ပေး

ရေဦးမြို့နယ် သဘင်အစည်းအရုံး နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရေဦး မေ ၁၄

ရေဦးမြို့နယ်သဘင်ပညာရှင်များ အစည်းအရုံး၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သတ္တမအကြိမ်မြောက် သက်ကြီးအနုပညာရှင်များအား ပူဇော်ကန်တော့ပွဲကို မေ ၁ရက် မွန်းတည့် ၁၂နာရီက မြသီတာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ် သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်မောင်က သဘင်သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် သဘင်လုပ်ငန်းတာဝန်များ ပြောကြားကာ မြို့နယ်သဘင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး ဦးဝင်းသူက ရသုံးငွေစာရင်းရှင်းတမ်းများ ဖတ်ကြားတင်ပြသည်။

ဂုဏ်ပြုဧည့်ခံ

ဆက်လက်၍ ရေဦးမြို့နယ်မှ သက်ကြီးသဘင်ပညာရှင် ၁၂ဦး၊ ခင်ဦးမြို့နယ်မှ သက်ကြီးသဘင်ပညာရှင် သုံးဦးတို့အား အလှူငွေ၊ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး မျိုးဆက်သစ်အနုပညာရှင်များက အဆို၊ အက၊ အတီး၊ အငြိမ့်တို့ဖြင့် တက်ရောက်လာသည့် ပရိသတ်များအား ဂုဏ်ပြုဧည့်ခံကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်တားဆီးရန်အတွက် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်၆၀၂၊ မြေကွက်တည်နေရာ အမှတ် ၆၀၂၊ နဝဒေးလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးမောင်မောင်စိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကို အမည်ပေါက် ဦးမောင်မောင်စိန် ကွယ်လွန်သဖြင့် ဒေါ်သိန်းသိန်းပို ၁၂/ရကန(နိုင်) ၀၀၅၅၇၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အိမ်အမှတ် ၄၃၉၊ သုမန ၄လမ်းနေ ကျွန်မ၏ သားဖြစ်သူ မောင်ဖုန်းဖြိုးမင်းယု ၁၂/သကတ(နိုင်)၁၄၅၀၅၁ သည် မိဘနှင့် ညီအစ်ကိုမောင်နှမများ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်မယူ မဖြေရှင်းပေးနိုင်ကြောင်း ကြေညာအပ်ပါသည်။
မိခင်-ဒေါ်ခင်ညို (ဒေါ်ညို) ၁၂/သကတ(နိုင်)၁၀၇၅၃၈။

အမည်ပြောင်း

အဖ ဦးဇော်လင်းဦး၏ သား အထက(၁) နေပြည်တော် တတိယတန်း (A)မှ မောင်ဟိဏ်းထက်အောင်အား မောင်ရဲရင့်မာန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲရင့်မာန်အောင်။**

သင့်သွေးဖြင့် အသက်ကယ်ပါ

အမည်ပြောင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက် နယ်မြေ(၁၁) ဓမ္မာရုံလမ်းနေ (ဦးစိုင်းကျော်ထွန်း) - ဒေါ်ကြူကြူလှိုင်တို့၏သား မောင်အောင်ပြည့်စုံအား မောင်ကောင်းခန့်ဟိန်းဟု လည်းကောင်း၊ သမီး မမှုံမှုံနံ့သာအား မမှုံမှုံမှူးခန့်ဟု ပြောင်းလဲခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၅၇၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးမာခင် ၅/ကလထ(နိုင်)၀၅၁၃၁၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ကလေးမြို့)။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၆၆၉/၁၊ မြေကွက်တည်နေရာ ၁၀/က ဘုရင့်နောင်(၁)လမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်း (၁) (ဦးလှညွန့်) ၁၂/သဃက(နိုင်)၀၉၆၁၆၉၊ (၂)ဒေါ်ခင်ဥမ္မာနိုင် ၁၂/သဃက(နိုင်) ၀၉၆၁၂၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကို အမည်ပေါက် ဦးလှညွန့် ကွယ်လွန်သဖြင့် ဒေါ်ခင်ဥမ္မာနိုင်က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်(၂၂)၊ အခန်း ၃၀၂ နေ ဦးမြင့်ဟန်-ဒေါ်ညိုညိုလွင်တို့၏သား မောင်သီဟအောင် ၁၂/ဒဂတ(နိုင်)၀၇၇၄၉၇ သည် မိဘစကားနားမထောင်ဘဲ ခွင့်မလွှတ်နိုင်သောကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးမြင့်ဟန်-ဒေါ်ညိုညိုလွင်။

ဝမ်းနည်းကြေကွဲခြင်း
ဦးသန့်ဇင်
ဆ-၁၈၁၆၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)
အသက်(၃၉)နှစ်

လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ တနင်္သာရီ-ဘုတ်ပြင်းလမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသော ဦးသန့်ဇင် အသက်(၃၉)နှစ်သည် ၁၁-၅-၂၀၁၀ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ တနင်္သာရီ-ဘုတ်ပြင်းလမ်း အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ် ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက် အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွား ပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည် များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်း နိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကွင်းဆင်းကြည့်ရှု

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့၏ မြို့ဝင်ဆိုင်းဘုတ်နှင့် သာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမိုင်းရင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ် ဆိုက်ကားနှင့် မြင်းလှည်းများအား လိုင်စင်သက်တမ်းတိုး လဲလှယ်ခြင်းကို မေ ၁၀ရက်က စတင်ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်နီလာနှင့်အဖွဲ့က အနေးယာဉ် ဆိုက်ကားများအား စစ်ဆေးပြီး အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသင်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှု မရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့၌ သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက်

ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် ပြည်သူများ ပူးပေါင်း၍ လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၄

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့်ဒေသများ၌ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ သောက်သုံးရေ လုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရမည်းသင်း

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ဝါတိုးအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရွှေကူရပ်ကွက်၊ လက်ဆည်ကန်ရပ်ကွက်၊ ကတင်ကျေးရွာနှင့် နန်းလုံကျေးရွာများ၌ သောက်သုံးရေ အဆင်ပြေစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင် ဦးစီးပြီး အဖွဲ့ပိုင်ရေသယ်ယာဉ်၊ စေတနာရှင်ပြည်သူများ၏ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ညောင်ဦး

ထို့အတူ ညောင်ဦးမြို့နယ် ချောင်းဝကျေးရွာပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် ဝန်ထမ်းများက အဖွဲ့ပိုင်ရေသယ်ယာဉ် တစ်စီးဖြင့် နေ့စဉ် သောက်သုံးရေဂါလန် ၁၂၀၀ကို မေ ၁၃ရက်မှစ၍ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၁၄

နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသောအဖွဲ့များက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်များ ဆက်လက်လျှောက်ထားလျက်ရှိကြရာ တအာင်း(ပလောင်) အမျိုးသား ပါတီနှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီတို့က ၂၀၁၀ခုနှစ် မေ၁၄ရက်တွင် လာရောက် လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက် တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၃၇)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၁၆)ပါတီအနက် ပါတီ (၅)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)